ကတညုတာ ဧတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ့ဝန်ထမ်းများ၏မွန်မြတ်သောတာဝန်ဝတ္တရားများကို စေတနာနှင့်ပေါင်းစပ်လုပ်ကိုင် ဒေသခံပြည်သူများနှင့်တစ်သားတည်းကျင့်ကြံနေထိုင်၊ ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက် နိုင်ငံတော်ဖွံ့ဖြိုးရေးနိုင်ငံတော်အပိုင်းကဆောင်ရွက်နေသလို ပြည်သူများကလည်းပူးပေါင်းရန်လိုအပ်

ရန်ကုန် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇူလိုင် ၆ရက် မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသသို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဟန်မြင့်နှင့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဝမ်ဟိုင်းရှိ စဝ်ဆေနွံခန်းမ၌ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံရာ ဒေသဖွံ့ဖြိုးရေး တာဝန်ခံ ဦးကောင်တိုင်းနှင့် ဦးစိုင်းဆူတို့က ဝမ်ဟိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသသို့ ရောက်ရှိရာ ကြိုဆိုကြသူ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

လူဦးရေဆိုင်ရာလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရေး မြန်မာနိုင်ငံက တက်ကြွသည့် အခန်းကဏ္ဍမှပါဝင်

၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့သည် ကမ္ဘာ့လူဦးရေနေ့ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်မှာ **'ပညာကျန်းမာ ခွင့်လမ်းသာ၊ ပြည့်စုံလှပ မိန်းကလေးဘဝ၊ စာရင်းအင်းနှင့် ညွှန်းဆိုပြ'** ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံကျင်းပခဲ့သည့် ၁၉၉၄ ခုနှစ်တွင် မွေးဖွားခဲ့သော သမီး မိန်းကလေးတစ်ယောက်သည် ယခုအခါ (၁၀)နှစ်ပြည့်ပြီ ဖြစ်သည်။ ယင်းသမီးလေးသည် သူနေထိုင်သည့် နိုင်ငံအလိုက် ပညာရေး၊ ကျန်းမာရေးစသော အခွင့်အရေးများ ရရှိခံစားနေရပြီ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ၏ ရှေ့လုပ်ငန်းစဉ်များတွင်ပါဝင်သော အနှစ် ၂၀ ရည်မှန်းချက်ပန်းတိုင်၏ ပထမဆုံးအချက်သည် လူတိုင်းစာတတ်မြောက်ရေးပင် ဖြစ်သည်။ အထူးသဖြင့် မိန်းကလေးငယ်များနှင့် အမျိုးသမီးများ အလယ်တန်း၊ အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်း နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အစောဆုံးသင်ယူနိုင်ရေးပင် ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံး တွင် မူလတန်းပညာကို မိန်းကလေး၊ ယောကျ်ားလေးများ တန်းတူသင်ကြားခွင့်ရရှိရေးအတွက် ကြိုးပမ်း ခဲ့ကြသော်လည်း ယနေ့မိန်းကလေး ၆၅ သန်းသည် ပညာသင်ကြားခွင့် မရကြသေးကြောင်း မှတ်တမ်းများ အရ သိရသည်။

၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၃ သန်းခန့်ရှိပြီး အမျိုးသား ၂၆ သန်းနှင့် အမျိုးသမီး ၂၇ သန်းခန့်ရှိသည်။ လူဦးရေ သိပ်သည်းမှုအနေဖြင့်ကြည့်လျှင် ပျမ်းမျှတစ်စတုရန်းမိုင်တွင် ၂၀၄ ဦးသာရှိသည့်အတွက် လူဦးရေသိပ်သည်းမှု အချိုးအစားကောင်းမွန်သည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေဧရိယာ များစွာကျန်ရှိနေသေးသည့်အတွက် မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်တိုးတက်ရေးတွင် အလားအလာကောင်းများစွာရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှုရှိရုံမျှသာမက ဒေသနှင့်နိုင်ငံတကာ၏ စားနပ်ရိက္ခာလိုအပ်ချက်များကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးလျက်ရှိသည်။

စီးပွားရေးကဏ္ဍတွင်သာမက ပညာရေးကဏ္ဍ၌လည်း ကောင်းမွန်သည့်အခြေခံများ ရရှိနေပြီဖြစ်သည်။ နိုင်ငံတော်တွင် ၁၅ နှစ်အထက် လူကြီးများ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းများ၌ရှိနေစေရန် ပြည်သူတစ်ရပ်လုံးပါဝင်သည့် လှုပ်ရှားမှုများ လုပ်ဆောင်ပေးသည့်အတွက် ကျောင်းနေစအရွယ် ကျောင်းအပ်နှုန်းသည် ၉၅ ရာခိုင်နှုန်းရှိသည်။ အဆင့်မြင့်ပညာရေးတွင် ၁၉၈၈ ခုနှစ်က တက္ကသိုလ်နှင့် ကောလိပ် ၃၂ ခုသာရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှင့်ကောလိပ် ၁၅၆ ခုအထိ တိုးတက်ဖွင့်လှစ်ပေးထားပြီး ဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ပညာရေးအခွင့်အလမ်းနှင့် ပတ်သက်ပြီး အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိကြသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကို နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် စတင်ကတည်းက အထူးအလေးပေးဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်၏ ကျန်းမာရေးစီမံကိန်းတွင်လည်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းသည် အရေးပါသောကဏ္ဍက ပါဝင်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံကဲ့သို့ နိုင်ငံတကာ အမျိုးသမီးညီလာခံကြီးကို အပြည်ပြည်ဆိုင်ရာ ညီလာခံများနောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ အမျိုးသမီးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအားစုတစ်ရပ်အနေဖြင့် စနစ်တကျလှုပ်ရှားဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ယန္တရားတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းပေးခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံလုပ်ငန်းစဉ်များနှင့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံက ချမှတ်လိုက်သည့် မူဝါဒများကို လိုက်နာကျင့်သုံးပြီး ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေပြီး လူဦးရေဆိုင်ရာလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တက်ကြွသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြခတ်ဝိုင်းဆရာတော် ရေစက်ချတရားချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၁၄

ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက်မှ စာချစာသင်သံဃာတော်အပါး ၁၀၆၀ ကျော်အား ဝါဆိုသင်္ကန်းဆက်ကပ်သူ ရန်ကုန်မြို့မှ အလှူရှင်များအတွက် ရေစက်ချတရားပွဲကို လာမည့် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် ပန်းဘဲတန်းမြို့နယ် ၂၇လမ်း အမှတ် ၄၉ ဦးသိန်းနိုင်-ဒေါ်ခင်ခင် ဖုန်း-၃၇၇၇၇၀ နေအိမ်၌လည်းကောင်း၊ အဆိုပါနေ့ မွန်းတည့် ၁၂ နာရီတွင် သမိုင်းကိုးကျက်ဝိုင်း ဂန္ဓာရုံကျောင်း ဖုန်း-၆၆၀၄၆၉ ၌လည်းကောင်း ကျင်းပမည်ဖြစ်ရာ ဆရာတော်ကိုယ်တိုင် ကြွရောက်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

မော်လမြိုင်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံတွင် ဇူလိုင် ၃၁ ရက်(ဝါဆိုလပြည့်) စနေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အလှူရှင်များသည် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဓမ္မာရုံ ဖုန်း-၂၅၆၁၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သမဝါယမဦးစီးဌာန အရာရှိဝန်ထမ်းများ မွမ်းမံသင်တန်းဖွင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၄

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန အရာရှိဝန်ထမ်းများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ သမဝါယမဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဒီဂရီကောလိပ်နှင့် ကောလိပ်များအနေဖြင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များ ချမှတ်လုပ်ဆောင်နေသကဲ့သို့ သမဝါယမလှုပ်ရှားမှုများတွင် ပါဝင်နေသော ဌာနဝန်ထမ်းများ၊ သမဝါယမအသင်းအဆင့်ဆင့်မှ ဒါရိုက်တာများ၊ မန်နေဂျာများ၊ ဝန်ထမ်းများ အရည်အချင်း တိုးတက်စေရန်အတွက် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့သမဝါယမ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များကို အောင်မြင်အောင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ၁၅ ရက်ဖြစ်ပြီး သင်တန်းသား ၄၁ ဦးတက်ရောက်ကြသည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဇူလိုင် ၁၂ ရက်က လမ်းမတော် မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမတွင် ကမ္ဘာ့မိခင်နို့ချို တိုက်ကျွေးရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇာလီဘုန်းနိုင် အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၅-၇-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -The Legal Profession (ပထမနှစ် ဥပဒေပညာအထူးပြု)
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"** (အပိုင်း-၆)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **"ဗုဒ္ဓမြတ်စွာ သာသနာအတွက် တစ်ရက်မနား တစ်သက်ကြိုးစားခဲ့သည့် ဆရာတော်"**
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် ရွှေးသမက်ဘယ်သူလဲ"** (အပိုင်း-၄)

● ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ဝမ်ဟိုင်းဒေသ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်ကို ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ဝမ်ဟိုင်းဒေသတိုင်းရင်းသားခေါင်းဆောင်စဝ်ပန်ဖအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး တိုင်းရင်းသားခေါင်းဆောင် စဝ်ပန်ဖကလည်း အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဒေသခံခေါင်းဆောင်များနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကျေးသီးမြို့သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကျေးသီးမြို့နယ်ပြည်သူ့ဆေးရုံ

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကျေးသီးမြို့နယ်ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဆရာဝန်ဒေါက်တာမိုးထွန်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျေးသီးမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျေးသီးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများ၊ ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျေးသီးမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ တယ်လီဖုန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မိုင်းကိုင်မြို့ ရွှေမြင်ထင်စေတီတော်၌ ပေါ်တော်မူဘုရားကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)က ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ လာရောက်ရသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းယုမေအားလည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများကို မြို့နယ်ဆရာဝန် ဒေါက်တာမိုးထွန်းအားလည်းကောင်း ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)သည် ဌာနဆိုင်ရာများနှင့် ဒေသခံများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းသားကျောင်းသူများအား နှုတ်ဆက်အားပေးကြသည်။

ဖူးမြော်ကန်တော့

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကျေးသီးမြို့ စတုဒိသမဟာဝိဟာရ ၂-မိုင် ဝတ်ပေါင်ကျောင်းသို့ သွားရောက်၍ ဘဝနတ်ထံပျံလွန်တော်မူသွားသည့် ၂-မိုင် ဝတ်ပေါင်ကျောင်း ပဓာနနာယကသက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါရှိ ဆရာတော်ကြီး ဘဒ္ဒန္တဇဝန၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နားထွမ်ကျောင်းဆရာတော် ဘဒ္ဒန္တဒေဝိန္ဒအမှူးပြုသည့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၆ ရက်တွင် ကျေးသီးမြို့၌ ညအိပ်ရပ်နားကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ကျေးသီးမြို့မှ မိုင်းကိုင်မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်အားပေး

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

မိုင်းကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်နှင့် ကျောင်းဆောင်သစ် အလှူရှင် အိုလံပစ်ကုမ္ပဏီဥက္ကဋ္ဌ အာရုဓနဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဦးအိုက်ထွန်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်းရှိ Computer Aided Instruction Room, Audio Visual Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းသားကျောင်းသူများအား မေးမြန်းနှုတ်ဆက်အားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး အိုလံပစ်ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် (၂၅)ခုတင်ဆံ့ မိုင်းကိုင်မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်နှင့် အလှူရှင် ဦးအိုက်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဆေးရုံအဆောက်အအုံကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဆေးရုံအဆောက်အအုံသစ်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေကြသောလူနာများအား တွေ့ဆုံနှုတ်ဆက်အားပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နောင်နှင့် တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဝမ်ဟိုင်းတွင် ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့များ ရုပ်သိမ်းတော့မည်

မနီလာ ဇူလိုင် ၁၃

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံထားရသော ဖိလစ်ပိုင်ဓားစာခံကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော အခြေအနေများ သုံးသပ်ရာတွင် အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ဖြည်းဖြည်းချင်း ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်က အတည်ပြုပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာဂါပါဂယ်အာရိုယိုအနေဖြင့် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကဲ့သို့သော အမိန့်ထုတ်ပြန်ပါက အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို ဖြည်းဖြည်းချင်း ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ လူစီရိုက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

ယခုအချိန်တွင် ယင်းကဲ့သို့အမိန့်မျိုး မရရှိသေးကြောင်း သို့ရာတွင် အဆိုပါအမိန့် လက်ခံရရှိခဲ့ပါက တပ်ဖွဲ့ဝင်များ ဖြည်းဖြည်းချင်းရုပ်သိမ်းရေးကို စီစဉ်ထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ပြောကြား

ဖိလစ်ပိုင် ဓားစာခံဘေး အန္တရာယ်ကင်းရှင်း လုံခြုံရေးအတွက် အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ အတတ်နိုင်ဆုံးရုပ်သိမ်းရေး မိမိတို့ နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရာဖီရယ်စီရူစ်က အာရပ်ရုပ်မြင်သံကြားဌာန အယ်ဂျာဇီးရာသို့ ပြီးခဲ့သည့် တနင်္လာနေ့က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်ပြည်သူများကလည်း အီရတ်မှ ၎င်းတို့၏တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် ဆန္ဒပြတောင်းဆိုလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်းဆို ဆန္ဒပြ

အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး တောင်းဆိုဆန္ဒပြနေသူတစ်ဦးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား နှိပ်စက်မှုကြောင့် ပြန်ပေးဆွဲမှုများ ဖြစ်ပေါ်စေခဲ့

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ်အကျဉ်းသားများအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်သည့်ဖြစ်ရပ်များသည် အီရတ်ရှိ နိုင်ငံခြားသားများကို ပြန်ပေးဆွဲမှုများပိုမိုဖြစ်ပွားလာအောင် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ကြောင်း အီရတ်လက်နက်ကိုင်များက ပြောကြားလိုက်သည်။

ယခုအခါ အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ရာ၌ ပါဝင်သူတစ်ဦးဖြစ်သူ အမေရိကန်တပ်ဖွဲ့ဝင် လင်ဒီအင်္ဂလန်သည် ၎င်း၏ပြုမူဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး စစ်ခုံရုံးရှေ့မှောက် ရောက်လာပြီဖြစ်သည်။

ရင်ဆိုင်နေရ

အင်္ဂလန်သည် အီရတ်အကျဉ်းသား အရေးကိစ္စနှင့်ပတ်သက်ပြီး တရားစွဲဆိုခံထားရသည့် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးထဲမှ တစ်ဦးဖြစ်ပြီး အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှု စွဲချက်များနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

(စီစီတီဗွီ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဇူလိုင် ၁၃ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၈၀ ရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လထဲ၌ စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

ကြေညာ

၂၀၀၄ ခုနှစ် ဇူလိုင် ၁၃ ရက် အင်္ဂါနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၈၈၀ ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၆၅၁ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၂၉ မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံး

ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၅၉ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၄၂ ဦးဖြစ်ပြီး ယင်းအနက် ၅၄၂ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၀ မှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်စစ်ပွဲမတိုင်မီ ကန်ထောက်လှမ်းရေးသတင်းများ မှားယွင်းခဲ့ကြောင်း စီအိုင်အေထိပ်တန်းအရာရှိတစ်ဦး ဝန်ခံပြောကြား

ဝါရှင်တန် ဇူလိုင် ၁၁

ပိတ်ပင်တားမြစ်သည့် အီရတ်၏လက်နက်များနှင့်စပ်လျဉ်း၍ စစ်ပွဲမတိုင်မီ အမေရိကန်ထောက်လှမ်းရေးသတင်းတွင် ချွတ်ယွင်းချက်များ အမှားများ ရှိခဲ့ကြောင်း အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ)ထိပ်တန်းအရာရှိတစ်ဦးက သောကြာနေ့၌ ဝန်ခံလိုက်သည်။

ထို့ပြင် အဆိုပါအရာရှိက ချွတ်ယွင်းချက်အမှားအပေါ် ပုံကြီးချဲ့ကား ပြောဆိုသည်မှာ မှားကြောင်းလည်း ပြောဆိုသည်။

ဝန်ခံ

ထိုနေ့အစောပိုင်း၌ ထုတ်ပြန်ခဲ့သော အထက်လွှတ်တော်ထောက်လှမ်းရေးကော်မတီ အစီရင်ခံစာအား တုံ့ပြန်သည့် သတင်းစာရှင်းပွဲ၌ စီအိုင်အေ ဒုတိယ ညွှန်ကြားရေးမှူး မက်လပ်ဖ်လင်းက ထိုသို့ဝန်ခံပြောဆိုခြင်းဖြစ်သည်။

ခြိမ်းခြောက်

အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီအစီရင်ခံစာ၌ ပိတ်ပင်တားမြစ်ထားသည့် အီရတ်၏လက်နက်များဖြင့် ခြိမ်းခြောက်မှု အနေအထားအပေါ် အမေရိကန် ထောက်လှမ်းရေးအဖွဲ့များက ပိုပိုကဲကဲဖော်ပြခဲ့ကြပြီး ၂၀၀၃ခုနှစ် အစောပိုင်း၌ အီရတ်ကို စစ်ပွဲမဆင်နွှဲမီ ဘုရှ်အစိုးရအား မမှန်မကန် ကောက်ချက်ချစေခဲ့သည်ဟု ပြစ်တင်ရှုတ်ချထားသည်။

ထောက်လှမ်းရေးအဖွဲ့များ၏ စစ်ကြိုကာလ ထောက်လှမ်းရေးသတင်းများ ချွတ်ယွင်းချက်ရှိကြောင်း မိမိတို့လက်ခံကြောင်းနှင့် ထိုသို့ ထပ်မဖြစ်ရန် မိမိတို့ အာမခံကြောင်း မက်လပ်ဖ်လင်းက ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ မက်မူဒီယာမြို့အနီး တိုက်ပွဲဖြစ်ပွားရာတွင် ပျက်စီးသွားသည့် မော်တော်ယာဉ်တစ်စီးအား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စစ်ဆေးနေသည်ကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နှင့်ပြင်သစ် သံတမန်ဆက်ဆံမှု ပြန်စ

ဘဂ္ဂဒက် ဇူလိုင် ၁၄

အီရတ်နှင့် ပြင်သစ်နိုင်ငံတို့သည် ၁၃နှစ်ကြာ သံတမန်ဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီးနောက် တနင်္လာနေ့မှ စတင်၍ ယင်းတို့၏ သံတမန်ဆက်သွယ်မှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း၊ အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆက်ဆံ

အီရတ်အလံသည် ပြင်သစ်နိုင်ငံ၏ မြို့တော်ပဲရစ်၌ တဖျတ်ဖျတ်လွင့်ထူထားလျက်ရှိသလို မိမိတို့သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်စတင်ပြုလုပ်ခဲ့ကြောင်းဖြင့်လည်း ကြေညာခဲ့ကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ သတင်းထောက်များအား ပြောကြားသည်၊ အီရတ်နိုင်ငံသည် ၁၉၉၁ခုနှစ် ကတည်းက ပြင်သစ်နိုင်ငံနှင့် သံတမန်ဆက်ဆံခဲ့သည်။

ဆန္ဒရှိ

ပြင်သစ်နိုင်ငံသည် အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများကို စစ်ရေးအရ အကူအညီပေးရန် အမေရိကန်၏ မေတ္တာရပ်ခံချက်ကို ပယ်ချခဲ့သည်။ သို့ရာတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရန် ဆန္ဒရှိသည်ဟု ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့လယ်၌ ပေါက်ကွဲမှုကြီးဖြစ်ပွား

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်အစိုးရနှင့် အမေရိကန်သံရုံးအနီး ဘဂ္ဂဒက်မြို့လယ်၌ တနင်္လာနေ့က ကျယ်လောင်သော ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ကြောင်း ရိုက်တာက ပြောကြားသည်။

တီကရစ်မြစ် အနောက်ဘက်ကမ်းရှိ အစိမ်းရောင်နယ်မြေမှ မီးခိုးများ လွင့်ပျံလျက်ရှိသည်ကို တွေ့ရကြောင်း၊ အမေရိကန်ရဟတ်ယာဉ်သုံးစင်းသည် အဆိုပါနေရာ၏ ကောင်းကင်ယံ၌ ဝဲပျံလျက်ရှိသည်ဟု ဆိုသည်။

မသိရသေး

ပေါက်ကွဲမှုဖြစ်ရသည့် အကြောင်းအရာများ၊ သတင်းများ ချက်ချင်း မသိရသေးဟု အမေရိကန်စစ်ဘက်က ပြောသည်။ ပြောက်ကျားများသည် အမေရိကန်တို့ကျူးကျော်တိုက်ခိုက်ခဲ့ပြီး တစ်နှစ်အကြာ အဆိုပါ အစိမ်းရောင်နယ်မြေကို စိန်ပြောင်းများ၊ ဒုံးကျည်များနှင့် ပုံမှန်ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။ အဆိုပါအဝင်ဝ၌ ကားဗုံးခွဲတိုက်ခိုက်မှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။

ဆက်လက်တိုက်ခိုက်

အီရတ် ကြားဖြတ်အစိုးရအား အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးနောက်ပိုင်း အီရတ်ခုခံတိုက်ခိုက်ရေးသမားများက အီရတ်နိုင်ငံအနှံ့ တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်မှ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် တောင်းဆိုပြီး အမေရိကန်အလံများ မီးရှို့ကာ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို တောင်ကိုရီးယားနိုင်ငံ ပူဆန်မြို့တွင် ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်ယာဉ်တန်းနှင့် လိုက်ပါစဉ် တူရကီယာဉ်မောင်း ဗုံးထိမှန်သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၃

ဘဂ္ဂဒက်မြို့မြောက်ဘက် အမေရိကန်စစ်ယာဉ်တန်းနှင့်အတူ လိုက်ပါလာသော တူရကီ မော်တော်ယာဉ်မောင်း၏ ယာဉ်လမ်းဘေး ဗုံးထိမှန်မှုကြောင့် အဆိုပါယာဉ်မောင်း သေဆုံးသွားကြောင်း အီရတ်ရဲအရာရှိတစ်ဦးက ပြောသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၁၂ မိုင်ရှိ ဘေဂျီမြို့အနီး ပေါက်ကွဲမှုဖြစ်ပွားရာတွင် ယာဉ်တန်းတွင်လိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အီရတ်အရပ်သားတစ်ဦး သေဆုံးကာ ၎င်း၏ဇနီးလည်း ဒဏ်ရာရရှိသွားကြောင်း အဆိုပါအရာရှိက ပြောသည်။

လမ်းဘေးဗုံးများသည် အမေရိကန်ဦးဆောင်တပ်များနှင့် အမေရိကန်တပ်ဖွဲ့တွင် အလုပ်လုပ်နေသော နိုင်ငံခြားသားများအား တိုက်ခိုက်ရာတွင် အများဆုံးသုံးသည့် နည်းတစ်နည်းပင်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်နှင့်ပတ်သက်သမျှ အမေရိကန်ပြည်ဖုံးကားချရန်လိုအပ် ဒီမိုကရက်တစ်သမ္မတလောင်းဂျွန်ကယ်ရီ ပြောကြား

ရာလေး ဇူလိုင် ၁၀

အီရတ်နိုင်ငံနှင့်ပတ်သက်သမျှ အမေရိကန်ပြည်ထောင်စုသည် ပြည်ဖုံးကားစတင်ချရန်လိုအပ်ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက စနေနေ့၌ ပြောကြားလိုက်ပြီး သူ၏မိတ်ဆွေ ဂျွန်အက်ဒ်ဝပ်ကလည်း အမေရိကန်၏အပေါင်းပါနိုင်ငံများအား အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ရန် လိုလားကြောင်း ပြောကြားလိုက်သည်။

မဲဆွယ်စည်းရုံးရေး လေယာဉ်ပေါ်၌ ဂျွန်ကယ်ရီနှင့် ဂျွန်အက်ဒ်ဝပ် နှစ်ဦးစလုံးအား ပူးတွဲတွေ့ဆုံမေးမြန်းရာတွင် အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဘုရှ်သည် သူတို့လိုချင်သော ထောက်လှမ်းရေး သတင်းအတွက် ဖွဲ့စည်းမှုအခြေခံတစ်ရပ်ကို ဖန်တီးရန် လိုရာဆွဲ၍ မမှန်မကန် ပြောဆိုခဲ့ကြောင်း ကယ်ရီက ပြောကြားခဲ့သည်။

ထို့ပြင် ဘုရှ်သည် စွပ်စွဲထားသော အီရတ်၏ ပိတ်ပင်တားမြစ်ထားသည့် လက်နက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသည်ဆိုခြင်းနှင့် လည်းကောင်း အမေရိကကို လိမ်ညာလှည့်ဖျားခဲ့ကြောင်း ကယ်ရီက ဘုရှ်အား စွပ်စွဲပြောဆိုသည်။

တစ်ဖန် ဘုရှ်သည် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေး လုပ်ငန်းစဉ်ကို ချိုးဖြင့်သော စစ်မှန်သည့် နိုင်ငံတကာဆိုင်ရာ အပေါင်းပါတပ်ဖွဲ့ ဖွဲ့စည်းရေး ကတိကဝတ်ကိုလည်း ချိုးဖောက်ခဲ့ပြီး နောက်ဆုံး အားကိုးအားထားအဖြစ် စစ်ပွဲဆင်နွှဲခဲ့ကြောင်း ကယ်ရီက ဆက်လက် ပြောဆိုသည်။ ဂျွန်ကယ်ရီနှင့်အတူ လေယာဉ်ပေါ်၌ရှိနေသော ဂျွန်အယ်ဒ်ဝပ်ကလည်း ဘုရှ်သည် ထိုမျှသာမက အာဏာကိုအလွဲသုံးစားလုပ်ခဲ့သည်ဟု ပြောဆိုခဲ့သည်။

(အင်တာနက်)

တရုတ်နှင့်ဗီယက်နမ်အပြန်အလှန်ကုန်သွယ်မှု ဒေါ်လာ ငါးဘီလီယံထက်ကျော်လွန်မည်ဟုခန့်မှန်း

ဟန္နိုင်း ဇူလိုင် ၁၃

တရုတ်နှင့် ဗီယက်နမ် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ငါးဘီလီယံထက်ကျော်လွန်မည်ဟု ခန့်မှန်းရကြောင်း တရုတ်ပြည်ရှိ ဗီယက်နမ်စီးပွားရေးအတိုင်ပင်ခံ ဒါငေါ့ချောင်၏ ပြောကြားချက်ကို ဗီယက်နမ်သတင်းဌာနက တနင်္ဂနွေနေ့တွင် ကိုးကား ဖော်ပြသည်။

အဆိုပါခန့်မှန်းချက်သည် ယခုနှစ် ပထမငါးလတွင် ဒေါ်လာ ၂ဒသမ၅ ဘီလီယံရှိခဲ့သည့် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေး ကြီးထွားမြင့်တက်ခဲ့မှုကို အခြေခံထားခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

နှစ်နိုင်ငံ တရားဝင်ကုန်သွယ်မှုဆက်ဆံရေး ပြန်စတင်ခဲ့သည့် ၁၉၉၁ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ၃၂သန်းသာရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားတစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

သမ္မတဘုရှ်ကျင့်သုံးသော နိုင်ငံခြားရေးမူဝါဒ အမေရိကန်နိုင်ငံသားများက ပြစ်တင်ဝေဖန်

လန်ဒန် ဇူလိုင် ၁၃

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ကျင့်သုံးသည့် နိုင်ငံခြားရေးမူဝါဒကြောင့် ပြည်ပ၌ရှိနေကြသော အမေရိကန်နိုင်ငံသားများအဖို့ လုံခြုံရေးအန္တရာယ်ရှိနေကြောင်း တနင်္လာနေ့ကထုတ်ပြန်လိုက်သည့်အိတ်ဖွင့်စာတွင် ဗြိတိသျှတက္ကသိုလ်များ၌ ပညာဆည်းပူးနေကြသော အမေရိကန်နိုင်ငံသားများက သမ္မတဘုရှ်အား ပြစ်တင်ဝေဖန်လိုက်ကြသည်။

အဆိုပါအိတ်ဖွင့်စာကို ကျောင်းသား ၂၀၀၀ ကျော်က လက်မှတ်ရေးထိုးထားပြီး အမေရိကန်အစိုးရနှင့် ယင်း၏ အစဉ်အလာအရ တည်မြဲသော အပေါင်းပါနိုင်ငံများကြား နိုင်ငံခြားရေးမူဝါဒများတွင် ပဋိပက္ခဖြစ်မှုများကို သတိပေးထားသည်။

ဖော်ပြ

စက်တင်ဘာ ၁၁ ရက်နောက်ပိုင်းတွင် မိမိတို့၏ မိတ်ဆွေများနှင့် အပေါင်းပါနိုင်ငံများသည် မိမိတို့ကို အခိုင်အမာ ထောက်ခံရပ်တည်မှုပေးခဲ့ကြောင်း၊ ယနေ့ သူတို့သည် မိမိတို့၏ ရည်ရွယ်ချက်များကို အယုံအကြည်ပိုကင်းမဲ့လာကြပြီး မိမိတို့နိုင်ငံ၏ ဆောင်ရွက်ချက် အကျိုးဆက်များနှင့်စပ်လျဉ်း၍ ပို၍ ကြောက်လန့်လာနေကြကြောင်း ယင်းအိတ်ဖွင့်စာ၌ ဖော်ပြထားသည်။

ပျက်ပြားစေ

ထို့ပြင် မိမိတို့သည် နေ့စဉ်နှင့်အမျှ ဆုံးဖြတ်ချက်များသည် အမေရိကန်၏ လုံခြုံရေးရည်မှန်းချက်များနှင့် ပြည်တွင်းနှင့် ပြည်ပရှိ မိမိတို့နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကို ပိုမိုခိုင်မာစေမည့်အစား ပျက်ပြားစေလျက်ရှိသည်ကို တွေ့မြင်နေကြရကြောင်း ယင်းအိတ်ဖွင့်စာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယအရှေ့မြောက်ပိုင်း၌ မုတ်သုံမိုးရေကြီး လူနှစ်သန်းကျော်နေအိမ်များ စွန့်ခွာခဲ့ကြရ

ဂူဝါဟာတီ ဇူလိုင် ၁၃

နှစ်များစွာအတွင်း အဆိုးရွားဆုံး မုတ်သုံမိုးရေကြီးမှုကြောင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် နေထိုင်ကြသော လူနှစ်သန်းကျော်သည် နေအိမ်များမှနေ၍ စွန့်ခွာခဲ့ကြရသည်ဟု အရာရှိများက တနင်္လာနေ့၌ ပြောကြားသည်။

ယင်းသို့ ရေကြီးမှုကြောင့် ဝါးနှင့် ကောက်ရိုးဖြင့် ဆောက်လုပ်ထားသော အိမ်ထောင်ပေါင်းများစွာအပြင် ဓာတ်အားလိုင်းများနှင့် ရေကာတာငယ် နှစ်ဒါဇင်ကျော် ရေတိုက်စားမျောပါခြင်းခံရသည်ဟု သိရသည်။

လေတပ်ရဟတ်ယာဉ် ခြောက်စင်းထက်မနည်းက သောင်တင်နေကြသူများကို ကယ်ဆယ်ခဲ့ကြရာ အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်ဟု သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

သထုံအသင်းဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

သထုံအသင်း(ရန်ကုန်)သည် ဗားကရာကျောင်းတိုက်ရှိ သိရီဝေလာ ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်ရ သထုံမြို့မှ ဆရာတော်များအား ချီးကျူးဂုဏ်ပြုပွဲနှင့် အသက် (၇၅)နှစ်အထက် အသင်းဝင်များအား ပူဇော်ကန်တော့ပွဲများကို ဒုတိယဝါဆိုလဆန်း ၉ရက် (ဇူလိုင် ၂၅ရက်) နံနက် ၈နာရီခွဲတွင် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေများနှင့် ဝါဆိုသင်္ကန်းများကို ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ အတွင်းရေးမှူး ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄တို့နှင့် နီးစပ်ရာအမှုဆောင်များထံ လှူဒါန်းနိုင်ကြောင်းနှင့် သထုံသူ သထုံသားတိုင်း တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကုလသမဂ္ဂသဘောတူစာချုပ်များအကြောင်းဟောပြော

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာအကြံပြုရေးအဖွဲ့ကကြီးမှူး၍ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူစာချုပ်များအကြောင်း ဟောပြောပွဲကို သူနာပြုတက္ကသိုလ်ခန်းမ၌ ဇူလိုင် ၉ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာ လေ့လာအကြံပြုရေးအဖွဲ့၏ အကြံပေး ပုဂ္ဂိုလ်ဒေါ်ခင်မြမြ၊ ဒေါ်ရီရီဝင်း၊ ဒေါ်တင်ငွေးလှိုင်၊ဒေါ်အေးခိုင်၊ဒေါ်ခင်ဝင်း၊ ဒေါ်လှငွေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ အထက(၂)လသာ၊ အထက(၂)စမ်းချောင်း၊ အထက(၂) ပန်းဘဲတန်းမှ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှပါမောက္ခဒေါက်တာဒေါ်သန်းနွဲ့က ကလေးသူငယ်ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူစာချုပ်အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးအေးဝင်းက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ အခန်းကဏ္ဍနှင့်လုပ်ငန်းတာဝန်များအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ဥပဒေရေးရာ လေ့လာအကြံပြုရေးအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးကြည်က အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အကြောင်းကို လည်းကောင်း ဟောပြောကြသည်။ **(မြန်မာ့အလင်း)**

မြန်မာအမျိုးသမီးများနေ့ မြိတ်မြို့၌ကျင်းပ ထူးချွန်အမျိုးသမီးများအားဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၆ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တနင်္သာရီတိုင်း မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နုနုဆွေ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

သိကောင်းစရာ

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်အုန်းက မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ တနင်္သာရီတိုင်းအမျိုးသမီးရေးရာအဖွဲ့သို့ စေတနာရှင်များက အလှူငွေများပေးအပ်ကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျပ်သိန်း၅၀နှင့် အလှူရှင်များက ကျပ်၁၀၅သိန်း စုစုပေါင်း ကျပ်၁၅၅သိန်း လှူဒါန်းကြသည်။

ဂုဏ်ပြု

ထို့နောက် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ရာ ဧကာဒသမအကြိမ် နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရရှိသူများ၊ လူမှုထူးချွန် တတိယဆင့်၊ ထူးချွန်ကြက်ခြေနီ၊ အားကစားထူးချွန်ဆု ရရှိသူအမျိုးသမီးများ၊ ပညာရေးကဏ္ဍ ထူးချွန်အမျိုးသမီးများ စုစုပေါင်း ထူးချွန်အမျိုးသမီး ၄၂ဦးတို့အား တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နုနုဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်ငွေကျပ် ၅၂၄၀၀၀ ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** တိုင်းမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်

အခမ်းအနားအပြီးတွင် ပုလဲရတနာခန်းမရှေ့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် **"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နုနုဆွေက ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ အလားတူ တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်၁၀မြို့နယ်တွင်လည်း မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သတင်းရရှိသည်။

(က-ပ)

မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှုလမ်းညွှန် (၂၀၀၄)ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှုလမ်းညွှန်စာအုပ်ကို မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်ကြီးကြပ်မှုကို ခံယူပြီး ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်းထောင့်အာရှုလာဇာ(ပထမထပ်) အခန်း ၁၅တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော The Alternative Futures Media ကစီစဉ်ထုတ်ဝေခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးရှိ စက်မှုဇုန်များနှင့် စက်မှုဇုန်ပြင်ပရှိ စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ယင်းထုတ်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနေကြသော ကုန်သွယ်ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ငန်းလိပ်စာများနှင့်ဆက်သွယ်ရန် တယ်လီဖုန်း နံပါတ်များ၊ ဖက်စ်များနှင့် e-Mail လိပ်စာများဖော်ပြထားသည်။

The Alternative Futures Media က မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှုလမ်းညွှန် (၂၀၀၅)ကို ဆက်လက်စီစဉ် ထုတ်ဝေသွားမည်ဖြစ်သဖြင့် မိမိလုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြစေလိုလျှင်ဖြစ်စေ၊ ကြော်ငြာထည့်လိုလျှင်ဖြစ်စေ လုပ်ငန်းရှင်များသည် The Alternative Futures Mediaဖုန်း-၂၅၄၄၂၄၊ ၂၅၄၄၂၅-လိုင်းခွဲ ၈၂၇သို့ လည်းကောင်း၊ Forever Group Computer(ပထမထပ်) မင်္ဂလာဈေး မန္တလေးမြို့ ဖုန်း-၀၂-၈၈၈၀၃ သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်းသိရသည်။

(သတင်းစဉ်)

သန်လျင်မြို့ ဆုထူးပန် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၄

သန်လျင်မြို့ အောင်ချမ်းသာ(၃) ရပ်ကွက် ဆုထူးပန် အတုလဂုဏ်ရည်သိမ် ကျောင်း ဓမ္မာရုံတွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆုထူးပန်ဆရာတော် ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတကိုပဓာနပြု၍တပည့်မဟာစည်နယ်လှည့်ဓမ္မကထိက အစိုးရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအရှင်ကဝိန္ဒ(ရဝေစိုး)နှင့်ယောဂီအပေါင်းတို့က သတိပဋ္ဌာန်တရားစခန်း ကို ဇူလိုင်၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ ကြိုတင်ဆက်သွယ်၍ဇူလိုင် ၂၅ ရက် ညနေ၃နာရီအရောက်လာကြရန်နှင့်ဆွမ်းကွမ်းဝေယျာဝစ္စလှူဒါန်းလိုသူများသည် ဖုန်း-၀၁-၅၄၅၉၈၀၊ ၀၅၆-၂၁၂၉၆ သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒီဂျစ်တယ်ဗီဒီယိုကင်မရာနှင့် မိတ္တူကူးစက်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်း ဦးစီးဌာနသို့ Myanmar Intergraph ကုမ္ပဏီမှ ဒီဂျစ်တယ်ဗီဒီယိုကင်မရာနှင့် ဒီဂျစ်တယ်မိတ္တူကူးစက်များလှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ၁နာရီတွင် မြေတိုင်းဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အလှူပစ္စည်းများဖြစ်သည့် ငွေကျပ်ကိုးသိန်းငါးသောင်းတန်ဖိုးရှိ ဒီဂျစ်တယ် ဗီဒီယိုကင်မရာ(Panasonicအမျိုးအစား) တစ်လုံးနှင့် ငွေကျပ်တစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ ဒီဂျစ်တယ်မိတ္တူကူးစက်(Sharp အမျိုးအစား) တစ်လုံးကို Myanmar Intergraph ကုမ္ပဏီကိုယ်စား အထွေထွေမန်နေဂျာ ဦးဇော်နိုင်က ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်ပေးအပ်က**(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။

(က-ပ)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများက ကမ်းနားအနောက်ရပ်ကွက်နေထိုင်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ဇွန် ၁၅ရက်က ကွင်းဆင်း ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူး ဦးရဲထွဋ် ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

လမ်းလယ်ပန်းခုံ ပန်းအလှပင်စိုက်

ရန်ကုန် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အား မြို့တော်အင်္ဂါရပ်နှင့်အညီ လှပစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းလယ်ပန်းခုံများတွင် ပန်းအလှပင်များကို စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်က အမှုဆောင်အရာရှိဦးမျိုးနိုင်အောင် ဦးဆောင်ပြီး အငယ်တန်းအင်ဂျင်နီယာ ဦးကိုကိုနိုင်နှင့် ဦးအောင်သူတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၇-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အကပဒေသာ
၈:၂၀	၇။	ပုလင်းရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English For Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၃၀	၇။	**"မနိုင်သော အရှုံး"** (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၁၇:၄၅	၈။	တေးဂီတအစီအစဉ်
၁၈:၀၀	၉။	နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅	၁၀။	မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၃၉)
၁၉:၃၀	၁၄။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၅။	"ဟူးမွန်လယ်ကွင်းမှမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဝတ်မှုန်ကူးပွဲတော်"
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **"မြစ်တစ်စင်းရဲ့ ဟင်းလင်းပြင်"** (အပိုင်း-၁) (လူမင်း၊ရဲအောင်၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်ဗေဒါ)

တိုင်းရင်းသားပြည်သူများကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးအဆောက်အအုံများ



ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကတိုင်တိကျေးရွာ တွင်ဖွင့်လှစ်ပေးထားသည့် ကျေးလက်ကျန်းမာရေးဌာနကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တိုင်းရင်းဆေးကုဌာန

စစ်ကိုင်းတိုင်း မြောင်မြို့တွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော တိုင်းရင်းဆေးကုဌာနကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



ပဲခူးတိုင်း ပြည်မြို့တွင် ဒေသခံပြည်သူများအား ဆေးကုသပေးလျက်ရှိသည့် ခုတင် (၂၀၀)ဆံ့အထူးကုဆေးရုံကြီး၏ အရေးပေါ်ဆေးကုဌာန အဆောက်အအုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပေါက်မြို့ဆေးရုံ

မကွေးတိုင်း ပေါက်မြို့တွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ပေါက်မြို့ဆေးရုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ခုတင်(၂၀၀)ဆံ့ ဆေးရုံ

တနင်္သာရီတိုင်း မြိတ်မြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတွင် ဒေသခံ တိုင်းရင်းသား ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

စာမျက်နှာ ၃ မှ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး မိသားစုများအား နှုတ်ဆက်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီတွင် မြို့နယ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေး၊ တယ်လီဖုန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အိုလံပစ်ကုမ္ပဏီဥက္ကဋ္ဌ အာရှနေဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌဦးအိုက်ထွန်းက မိုင်းကိုင်မြို့၌ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း၊ ဆေးရုံအဆောက်အအုံသစ်ဆောက်လုပ်လှူဒါန်းခြင်း အပါအဝင် မိုင်းကိုင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးမှုအခြေ

များကို မြို့နယ်ပညာရေးမှူးဒေါ်ဘောဘီစိုးအားလည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများကို ဆေးရုံအုပ်ကြီးဒေါက်တာရန်နောင်အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးဖြစ်သည့် ဦးအောင်ဘက မြို့နယ်ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ့်စန်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မိုင်းကိုင်မြို့အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ကြီးဦးချစ်ဆွေအားလည်းကောင်း၊ မြို့နယ်အတွက် ဗလာစာအုပ်

ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်

မိုင်းကိုင်မြို့ သမိုင်းဝင် ရွှေမြင်ထင်စေတီတော်သို့ သွားရောက်ကြပြီး ရွှေမြင်ထင်စေတီတော်နှင့် ဆုတောင်းပြည့်ဘုရားတို့အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်မွေတော်မြောက်ကျောင်း၌ မွေတော်မြောက်ကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက သမိုင်းဝင် ရွှေမြင်ထင်စေတီတော်၌ ပေါ်တော်မူဘုရားကြီး ပေါ်ထွက်လာမှုနှင့် ပေါ်တော်မူဘုရားကြီးအား ရေးမူမပျက် ပြုပြင်မွမ်းမံမှု၊ ဂန္ဓကုဋိတိုက် တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပေါ်တော်မူဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့မှ

နမ့်စန်မြို့နယ် ကိုးမိုင်ရှိ ခိုလန်–ဝမ်ဆင်း– မိုင်းနောင်–မိုင်းရှူးလမ်း ဖောက်လုပ်ရေး လုပ်ငန်းစခန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား နည်းဗျူဟာမှူး ဗိုလ်မှူးကြီးသာအောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ် (တောင်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်တို့က လမ်းလုပ်ငန်းဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းက လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်–တုံလောလမ်း၊ မိုင်းနောင်–ကျေးသီး–ပန်ကေတုလမ်း၊ ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူးလမ်း၊ လဲချား–မိုင်းနောင်လမ်း၊ဖာကီး–ဝမ်ဟိုင်း–နမ့်လောင်းလမ်း၊ ကျေးသီး–

မိုင်းကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဌေးညွှန့်က မြို့နယ်၏ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ ဖွဲ့စည်းတည်ရှိမှု၊ တိုင်းရင်းသား လူမျိုးပေါင်းစုံစုစည်းနေထိုင်မှု၊ မြို့နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က နိုင်ငံ့ဝန်ထမ်းများ၏ မွန်မြတ်သော တာဝန်၊ ဝတ္တရားများကို စေတနာနှင့် ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသခံပြည်သူများနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ကြိုးပမ်းဆောင်ရွက်နေသည့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများ၊ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

နမ့်ပုတ်လမ်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့်(မြောက်ပိုင်း) ဆက်သွယ်သည့် တန့်ယန်း–မိုင်းကောင်း–မိုင်းရှူးလမ်း၊ ဖာကီး–ဝမ်ဟိုင်း–မိုင်းရယ်လမ်း၊ လွိုင်လင်–လဲချား–မိုင်းကိုင်–ပန်ကေတု–တုံလောလမ်း၊ ရပ်စောက်–အင်တော–ကျောက်ဂူ–ကျောက်ဆုံ–တာပလန်–နောင်ချို လမ်းနှင့်စပ်လျဉ်း၍ လည်းကောင်းရှင်း လင်းတင်ပြရာ အတွင်းရေးမှူး(၁) ကလိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ခိုလန်–ဝမ်ဆင်း–မိုင်းနောင်လမ်းပိုင်းတွင်ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများအား

လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများနှင့် တစ်သားတည်းကျင့်ကြံနေထိုင်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) သည် နမ့်စန်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့်မြို့နယ်အတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန်အားပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ရေးမှူး ဦးမြင့်သိန်းက စက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သောင်းက သံရည်ကျိုစက်ရုံအတွက် လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ခရမ်းချဉ်သီးထွက် စားကုန်ပစ္စည်းစက်ရုံ(စီမံကိန်း)၏ စက်ပစ္စည်းများတပ်ဆင်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြက်/ငါးမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်အောင်မြင်ရေးအတွက် ပူးပေါင်းကူညီသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြက်ဥဖောက်စက်နှင့် ကြက်ခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ် ချုပ် ကြီး စိုးဝင်း ကျေးသီးမြို့ အခြေခံပညာ အ ထက် တန်း ကျောင်းအတွက် သင်ထောက်ကူပစ္စည်း များ နှင့် ဗလာစာအုပ်များ ပေးအပ်စဉ်။
(သတင်းစဉ်)

ဗီယက်နမ်အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၄

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အလုပ်သဘောခရီးစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

မစ္စစ်ငုယင်သီဟိုင်သူနှင့်ကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဖန်ကွမ်ခွန်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နှုတ်ဆက်အားပေးပြီး ကျောက်ခင်းလမ်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ခိုလန်–ဝမ်ဆင်း–မိုင်းနောင်လမ်းမှာ ၄၄ မိုင်ရှိသည်။ အဆိုပါ လမ်းကို မြေသားလမ်းအကျယ်ပေ၃၀၊ ကတ္တရာလမ်းအကျယ် ၁၂ ပေရှိလမ်း အဖြစ်ဖောက်လုပ်လျက်ရှိသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့်နမ့်စန်မြို့သို့ရောက်ရှိကြရာ နမ့်စန်တပ်နယ်မှဗိုလ်မှူးချုပ်သူရမြင့်သိန်းနှင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများကကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် လူနာများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက မြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တစ်သားတည်းကျင့်ကြံနေထိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် နမ့်စန်မြို့ရှိ သီးနှံသစ်တောရောနှောစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် နမ့်စန်မြို့မှ ဆီဆိုင်မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ တပ်မတော်အရာရှိကြီးများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်၏ တင်ပြချက်များ၊ လိုအပ်ချက်များကို အတွင်းရေးမှူး(၁)က ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆီဆိုင်မြို့အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် မြို့နယ်အတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေအား ပေးအပ်သည်။

အေးသာယာစက်မှုဇုန်

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် တောင်ကြီးမြို့နယ်အေးသာယာမြို့သစ်စက်မှုဇုန်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား သံရည်ကျိုပုံလောင်းပုံထောင်းစက်ရုံတည်ဆောက်မည့် နေရာ၌ အေးသာယာမြို့သစ် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ အတွင်း

ဆက်လက်၍ အစိုးရနည်းပညာကောလိပ်(အေးသာယာ)တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၈ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာစခန်း အမှတ်(၂) သို့ ရောက်ရှိကြရာ စခန်းတာဝန်ခံ ဗိုလ်မှူးအောင်မင်းက စခန်းတွင်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူး လမ်းဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရောဝတီတိုင်းတွင် နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၁၄

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန်၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအလွန်ကောင်းနေကြောင်း သိရသည်။

ဇူလိုင် ၁၅ရက် ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေသဝနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ကြရန် နှိုးဆော်

ရန်ကုန် ဇူလိုင် ၁၄

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ **"ဖွံ့ဖြိုးဝေစည်မြန်မာပြည်"** ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ x ၁၂ လက်မထက် မငယ်သော အရွယ်အစား (Print) ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့် အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့ သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ် တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ၂၂–၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင် များ၏ အမည်ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၄ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ပြင်သစ်နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညေ့ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံအမတ်ကြီး H.E Jean Michel Lacombe က ကြိုဆိုနှုတ်ဆက်စဉ်။ **(သတင်းစဉ်)**

မိခင်တိုင်းသိသင့်သော ကလေးသူငယ်အခွင့်အရေးများ

မျိုးလေး

မြန်မာနိုင်ငံဟာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်၊ အတိုကောက်အားဖြင့် CRC လို့ခေါ်တဲ့ Convention on the Right of the Child ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ အတည်ပြု ပါဝင်ခဲ့ပါတယ်။ ကလေးသူငယ်များ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ CRC နှင့် ယင်း၏အဓိပ္ပာယ် သက်ရောက်မှုများ၊ CRCပါ ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ရန် ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက် နေ့တွင် နိုင်ငံတော်က ပြဋ္ဌာန်းပေးခဲ့သည့် ကလေးသူငယ်ဥပဒေပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို နိုင်ငံအဝန်းရှိ မိဘများအပါအဝင် မိသားစုများနှင့် ပြည်သူပြည်သားအားလုံး သိရှိစေရန်၊ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့၏သားသမီးလေးများ အခွင့်အရေး အပြည့်အဝရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ကြရန် ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများ အများစုသည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဗုဒ္ဓ၏အဆုံးအမနှင့် ယဉ်ကျေးမှုသည် မြန်မာတို့၏ လူနေမှုစနစ်ကို များစွာလွှမ်းမိုးထားပါတယ်။ မြန်မာတို့ရဲ့ အစဉ်အလာအရ မိခင်တွင် ကိုယ်ဝန်ဆောင်စဉ်ကပင် သန္ဓေသား၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် မိခင်ဖခင်သာမက အဘိုး၊ အဘွား၊ ဆွေမျိုးမိတ်သင်္ဂဟပါမကျန် ဂရုပြု စောင့်ရှောက်ပေးခဲ့ကြပါတယ်။ မွေးဖွားလာတဲ့ အခါမှာလဲ ရတနာတစ်ပါးလို တန်ဖိုးထားပြီး ပြုစုယုယ မွေးမြူစောင့်ရှောက်ခဲ့ကြသဖြင့် **"သားသမီးရတနာ"** ဆိုတဲ့ ဝေါဟာရလေး ဖြစ်တည် ထွန်းကားခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီ အဖိုးတန်ရတနာလေးများသည် နိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်သစ်လေးများဖြစ်တဲ့အတွက် ကလေးများ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးလှပါတယ်။ ဒီလို ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်၏ အနှစ်သာရဖြစ်တဲ့ အခြေခံမူများကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ အဲဒီအခြေခံမူများထဲမှ အရေးကြီးဆုံးအချက်ကတော့ **"ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ပေးရန်"** ဦးတည်ရမှာဖြစ်တယ်။

ဥပမာအားဖြင့်–ကလေးတစ်ဦးကို ကိတ္တိမမွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေအရ တရားဝင်မွေးစားရန် ခွင့်ပြုထားပါတယ်။ အဲဒီဥပဒေနှင့်အညီ တရားဝင်မွေးစားခံရသော ကလေးငယ်ဟာ မွေးစားမိဘများရဲ့ အမွေကို ဆက်ခံခွင့်ရှိပါတယ်။ သို့သော်လဲ များစွာသော မွေးစားမိဘတို့ဟာ အမွေဆက်ခံခွင့် ပေးရမည်စိုးတဲ့အတွက် ကလေးမွေးစားခြင်းကို တရားရုံးမှာ လာရောက်မှတ်ပုံတင်ခြင်း မရှိကြပါဘူး။ အဲဒီတော့ မွေးစားခံရသူကလေးအများစုဟာ တရားဥပဒေအရ အကျိုးခံစားခွင့်မရကြဘဲ အခွင့်အရေးဆုံးရှုံးနေကြတာ ဖြစ်ပါတယ်။ ဒါဟာ ကလေးရဲ့အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုတဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အခြေခံမူနှင့် ကိုက်ညီခြင်း မရှိပါဘူး။

ကလေးသူငယ် အခွင့်အရေးများကို ဆွေးနွေးရာတွင် အဓိကကဏ္ဍကြီး လေးရပ်ဖြစ်တဲ့ အသက်ရှင်သန်မှု (Survival)၊ ကာကွယ်စောင့်ရှောက်မှု (Protection)၊ ဖွံ့ဖြိုးတိုးတက်မှု (Development) နှင့် ပါဝင်ဆောင်ရွက်မှု (Participation)ဆိုပြီး ခွဲခြားဆွေးနွေးချင်ပါတယ်။ ကလေးသူငယ် ဥပဒေပုဒ်မ–၈မှာလဲ ကလေးသူငယ်တိုင်းမှာ ဒီအခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုသည်ဟု ပြဋ္ဌာန်းထားပါတယ်။ အသက်ရှင်သန်မှု အခွင့်အရေးများ အနေနဲ့ကတော့ ကလေးတစ်ဦးအသက်ရှင်သန်မွေးဖွားလာဖို့နဲ့ မွေးဖွားပြီးနောက် ကျန်းမာရေး၊ ဆေးဝါးကုသရေးနှင့် အခွင့်အရေးအပြည့်အဝ ရရှိစေဖို့ ဖြစ်ပါတယ်။ ကလေးသူငယ် ဥပဒေပုဒ်မ–၉ တွင် ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန် မွေးရာပါ အခွင့်အရေးရှိသည်။ မိဘအုပ်ထိန်းသူတို့သည် ကလေးမွေးဖွားခြင်းကို ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်ဆိုသည့် ပြဋ္ဌာန်းချက် ရှိပါတယ်။

ကလေးသူငယ်များ အသက်ရှင်သန်မှု အခွင့်အရေးကို နိုင်ငံတော်နဲ့အတူ အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ကျန်းမာရေးစီမံကိန်းများ၊ အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး ကလေးသူငယ်ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ အာဟာရ ပြည့်ဝရေးလုပ်ငန်းများ၊ ရေကောင်းရေသန့် ရရှိရေးနှင့် ယင်လုံအိမ်သာသုံးစွဲရေး လုပ်ငန်းများစတဲ့ ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို ကျေးလက်ဒေသပါမကျန် စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေဟာ ကလေးတွေရဲ့ မွေးရာပါ အခွင့်အရေးပါလားလို့ မိဘပြည်သူများ သိရှိပြီး အတူပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်ဆိုတာ ဆွေးနွေးတင်ပြလိုပါတယ်။ တစ်ဖက်မှာလဲ ကလေးများရဲ့ အသက်ရှင်သန်မှု အခွင့်အရေးကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှုလဲ ရှိပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာ ကလေးအရှင် မွေးဖွားခြင်းကို တားဆီးမှု၊ ဖွားမြင်ပြီးနောက် သေစေမှု၊ လှုပ်ရှားသော ကိုယ်ဝန်ရှိ အမိဝမ်းတွင်းမှ ကလေးကို သေစေမှုတို့အတွက် ထောင်ဒဏ်၁၀နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

ဒုတိယကဏ္ဍကတော့ ကာကွယ်စောင့်ရှောက်မှု အခွင့်အရေးဖြစ်ပါတယ်။ ကလေးများကို လွဲမှားစွာပြုကျင့်မှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှုတို့မှ အကာအကွယ်ပေးရေး အပါအဝင် အထူးကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းတို့ပါဝင်ပါတယ်။ ဒီနေရာမှာ အထူးကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များဆိုတာ ဘယ်လို ကလေးမျိုးတွေလဲဆိုတာ ရှင်းပြလိုပါတယ်။ ကလေးသူငယ် ဥပဒေမှာလဲ ပုဒ်မ ၃၂ တွင် ပြဋ္ဌာန်းထားပါတယ်။ အင်္ဂလိပ်လိုတော့ အတိုကောက်အားဖြင့် CNSP၊ အရှည်အားဖြင့် Child in Need of Special Protection ဖြစ်ပါတယ်။ အဲဒီ CNSP ကလေးအမျိုးအစားမှာပါတဲ့ ကလေးတွေကတော့ မိဘ၊ အုပ်ထိန်းသူမရှိသူ၊ မိဘ၊ အုပ်ထိန်းသူက လျစ်လျူရှု ပစ်ပယ်ခြင်းခံရသူ၊ တောင်းရမ်းစားသောက်သူ၊ မိဘအုပ်ထိန်းသူတို့က ထိန်းသိမ်းမရနိုင်လောက်အောင် ဆိုးသွမ်းသူ၊ ရက်စက်သော မိဘအုပ်ထိန်းသူ၏ ထိန်းသိမ်းမှု အောက်တွင်ရှိသူ၊ စိတ်ပေါ့သွပ်သူ၊ ကူးစက်တတ်သော ရောဂါစွဲကပ်နေသူ၊ မူးယစ်ဆေးဝါး၊ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သို့မဟုတ် လွဲမှားစွာအသုံးချခြင်းခံရသူ စသည်တို့ ဖြစ်ပါတယ်။

ကလေးများကို လွဲမှားစွာပြုကျင့်မှုဆိုတာကတော့ ကလေး၏ဖွံ့ဖြိုးမှု၊ ဘဝလုံခြုံမှုနှင့် အသက်ရှင်ရပ်တည်နိုင်မှုတို့ကို အန္တရာယ်ဖြစ်စေသော ပြုကျင့်မှုများဖြစ်ပါတယ်။ ကလေးကို လျစ်လျူရှုခြင်းဆိုတာကတော့ ကလေးကိုစွန့်ပစ်ခြင်း၊ ကလေးများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ပျက်ကွက်ခြင်းတို့ဖြစ်ပါတယ်။ ကလေးကို ခေါင်းပုံဖြတ်ခြင်းကတော့ ကလေးကိုအန္တရာယ်ဖြစ်စေသော ကလေး၏ပညာသင်ကြားရေးကို အဟန့်အတားပြုသော ကလေး၏ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တဆိုင်ရာ ဖောက်လွဲဖောက်ပြန်ဖြစ်စေသော ပြုမူဆောင်ရွက်မှုများ ဖြစ်ပါတယ်။ ကလေးသူငယ်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေတို့မှာ ကလေးသူငယ်များအား လွဲမှားစွာပြုကျင့်မှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှုများအတွက် ကာကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်များစွာ ပါရှိပါတယ်။

ကလေးသူငယ် ဥပဒေပုဒ်မ ၆၅နှင့်၆၆ တို့တွင် ကလေးသူငယ်အားဘေးအန္တရာယ်ဖြစ်စေနိုင်သော၊ အကျင့်စာရိတ္တ ပျက်ပြားစေနိုင်သော အလုပ်များ ခိုင်းစေခြင်း၊ ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်းပြုစေခြင်း၊ တောင်းရမ်းစားသောက်ရန် ခိုင်းစေခြင်း၊ တမင်နှိပ်စက်ညှဉ်းပန်းခြင်း၊ ညစ်ညမ်းသော ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြား၊ သို့မဟုတ် ဓာတ်ပုံရိုက်ကူးခြင်းစတဲ့ လွဲမှားသော အပြုအမူများ မပြုလုပ်ရန် တားမြစ်ထားပြီး ကျူးလွန်ပါက ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်နိုင်ပါတယ်။ ထို့အတူပဲ ပြစ်မှုဆိုင်ရာဥပဒေမှာ အရွယ်မရောက်သေးသူကို ခိုးယူခြင်း၊ သွေးဆောင်ဆွဲခေါ်ခြင်း၊ ပြည့်တန်ဆာကိစ္စအလို့ငှာ ရောင်းခြင်း၊ ဝယ်ခြင်း၊ လက်ရောက်မှု၊ မုဒိမ်းမှုကျူးလွန်ခြင်းတို့အတွက် အမြင့်ဆုံးပြစ်ဒဏ်အဖြစ် တစ်သက်တစ်ကျွန်းဒဏ်အထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ကလေးကို မိဘ၊ သို့မဟုတ်အုပ်ထိန်းသူက စွန့်ပစ်ခြင်းအတွက်လဲ ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

ကလေးများကို လွဲမှားစွာ ပြုမူမှုအပိုင်းမှာ အချို့သောမိဘများနှင့် ဆရာ ဆရာမများရဲ့ လွဲမှားသော အယူအဆလေးကို အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ အဲဒါကတော့ ကလေးကို ရိုက်နှက်တဲ့ပြဿနာပါပဲ။ နိုင်ငံတကာ သုတေသနများရဲ့ ရလဒ်များအနေနဲ့ ကလေးကို ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းဟာ စည်းကမ်းရှိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်တာဖြစ်ပေမယ့် ထိရောက်မှု မရှိရုံသာမက ကလေးကို ကြမ်းကြုတ်အောင် ပြုလုပ်လိုက်ခြင်းသာ ဖြစ်တယ်။ အကြမ်းဖက်မှုဟာ လက်ခံနိုင်တဲ့ အပြုအမူဖြစ်တယ်လို့ ကလေးကယူဆသွားစရာ ဖြစ်တယ်လို့ တွေ့ရှိရပါတယ်။ ဥပမာ–မိဘက မကြာခဏ ရိုက်နှက်အပြစ်ပေးခြင်းခံရတဲ့ ကလေးတစ်ဦးဟာ အခြားကလေးတစ်ဦးကို အနိုင်ကျင့်ဖို့ ဝန်မလေးတတ်တဲ့ ကလေး ဖြစ်သွားတတ်ပါတယ်။ ဒါ့အပြင် မကြာခဏ အပြစ်ပေးခြင်းခံရတဲ့ ကလေးဟာ လိုက်လျောညီထွေနေနိုင်စွမ်း နည်းပါးလာပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု အကျိုးဆက်ကိုလဲ ဖြစ်ပေါ်စေကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် မိဘ၊ ဆရာသမားများအနေနဲ့ ကလေးများကို ကြောင်းကျိုးပြ ပြောဆိုခြင်း၊ ကလေးရဲ့ လိုလားအပ်သော အပြုအမူအတွက် ဆုပေးခြင်း၊ ကလေးများအပေါ် ပိုမိုအာရုံစိုက်ခြင်း၊ ချီးမွမ်းခြင်းတို့ဟာ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ပိုမို ထိရောက်မှုရှိကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ကလေးသူငယ်များရဲ့ ကာကွယ်စောင့်ရှောက်မှု အခွင့်အရေးကဏ္ဍမှာ ထည့်သွင်းဆွေးနွေးလိုတဲ့ အချက်တစ်ရပ်ကတော့ ဥပဒေနှင့် ဆန့်ကျင်သော၊ တစ်နည်းအားဖြင့် ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအကြောင်း ဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်တယ်ဆိုတဲ့နေရာမှာ ခိုးမှု၊ ခါးပိုက်နှိုက်မှုစတဲ့ အသေးအဖွဲ ပြစ်မှုမှသည် လူသတ်မှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု စသည့် ပြစ်မှုကြီးများ ကျူးလွန်တယ်လို့ စွပ်စွဲခံရတဲ့ ကလေးသူငယ်အားလုံး ပါဝင်ပါတယ်။ ဒီလို ပြစ်မှုကျူးလွန်တဲ့ ကလေးတွေကို ဘယ်လိုကာကွယ်စောင့်ရှောက်မှုတွေ ပေးရမယ်ဆိုတာ ကလေးသူငယ်ဥပဒေမှာ အတိအလင်း ပြဋ္ဌာန်းပါရှိပါတယ်။

ပြစ်မှုဆိုင်ရာ ဥပဒေအရလဲ အသက် ခုနစ်နှစ်မပြည့်သေးတဲ့ ကလေးသူငယ်တစ်ဦးရဲ့ ပြုလုပ်မှုဟာပြစ်မှုမမြောက်ကြောင်း၊ ပြုလုပ်မှု၏ သဘောသဘာဝနဲ့ အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်နဲ့ မပြည့်စုံသေးတဲ့ အသက်ခုနစ်နှစ်နဲ့ အသက် ၁၂ နှစ်ကြား ကလေးရဲ့ပြုလုပ်မှုဟာလဲ ပြစ်မှုမမြောက်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ကလေးသူငယ်ဥပဒေအရ ပြစ်မှုကျူးလွန်သည့် ကလေးကို ဖမ်းဆီးလျှင် လက်ထိပ်ခတ်ခြင်း၊ ကြိုးဖြင့်ချည်နှောင်ခြင်း မပြုရန်၊ လူကြီးတရားခံများနဲ့ ရောနှောမထားရန်၊ ကလေးသူငယ်မှုခင်းကို သီးခြားရုံး၊ အဆောက်အအုံ၌ စစ်ဆေးရန်၊ အမှုစစ်ဆေးဆဲကာလမှာလဲ ကလေးကိုဝန်ခံချုပ်ဖြင့် အပ်နှံရန်သာဖြစ်ပြီး ကလေးသူငယ်ကို မည်သည့်အကြောင်းနှင့်မျှ ချုပ်မိန့်မပေးရန် ဥပဒေက အတိအလင်း ပြဋ္ဌာန်းပေးထားပါတယ်။

ကလေးသူငယ် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်ပါကလဲ ကလေးကို သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ ကြိမ်ဒဏ်ချမှတ်ခြင်းမပြုရန်နှင့် သာမန်အားဖြင့် ကလေးကို ထောင်ဒဏ် ချမှတ်ခြင်းမပြုရန် ပြဋ္ဌာန်းထားပါတယ်။ ဘယ်အခါမှာ ကလေးကို ထောင်ဒဏ် ချမှတ်နိုင်သလဲဆိုတော့ ကလေးဟာ သေဒဏ်၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်တဲ့ ပြစ်မှုကျူးလွန်တဲ့အပြင် အကျင့်စာရိတ္တလွန်စွာ ပျက်စီးနေခြင်း၊ ထိန်းသိမ်းမရနိုင်လောက်အောင် ဆိုးသွမ်းနေမှသာလျှင် ထောင်ဒဏ်ချမှတ်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ ထောင်ဒဏ်ဟာလဲ ခုနစ်နှစ်ထက်မပိုစေရပါ။ ဒီလိုကိစ္စမျိုးကလဲ အလွန်ရှားပါးပါတယ်။ ကလေးကို ပြစ်ဒဏ်ပေးတဲ့နေရာမှာ ဆိုဆုံးမပြီးလွှတ်တာ၊ ခံဝန်ချုပ်ဖြင့် မိဘထံပြန်အပ်တာ ၊ သင်တန်းကျောင်းများကိုပို့တာ စတဲ့ပြစ်ဒဏ်လောက်သာပေးရတာများပါတယ်။

တတိယကဏ္ဍကတော့ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဖြစ်ပါတယ်။ ကလေးသူငယ်များရဲ့ ပညာသင်ယူပိုင်ခွင့် အပါအဝင် ကာယ၊ ဉာဏ၊ စိတ်ဓာတ်နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လုံလောက်တဲ့ လူနေမှုအဆင့်အတန်း ရပိုင်ခွင့် အခွင့်အရေးဖြစ်ပါတယ်။ ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဟာ အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးစတဲ့ သင်ကြားမှုအသွယ်သွယ်နဲ့ ပညာသင်ကြားပေးရပါတယ်။ ဒါကြောင့် နိုင်ငံတော်က ချမှတ်ထားတဲ့ ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေရေး၊ မူလတန်းပညာပြီးဆုံးအောင် အခမဲ့သင်ကြားနိုင်ရေးစတဲ့ စီမံချက်များအပြင် အရည်အချင်းပေါ်မူတည်ပြီး အဆင့်မြင့်ပညာသင်ကြားမှုအခွင့်အရေး၊အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှု အခွင့်အရေးများကို မြို့ပြဒေသရှိ ကလေးများသာမက ကျေးလက်ဒေသရှိကလေးများ၊ တိုင်းရင်းသားလူမျိုးအများစုများမှ ကလေးများပါ ရရှိခံစားစေရန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ ကလေးသူငယ်များအတွက် အားကစားလှုပ်ရှားမှု၊အပန်းဖြေမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများစွာ ပါဝင်နိုင်မှု အခွင့်အရေးများကိုလဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အခုနောက်ဆုံး စတုတ္ထကဏ္ဍဖြစ်တဲ့ ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေး အကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ကလေးသူငယ်များအပေါ် သက်ရောက်မှု တစ်ခုခုဖြစ်စေမယ့် ကိစ္စရပ်များအားလုံးမှာဖြစ်စေ၊ ကလေးသူငယ်နဲ့စပ်ဆိုင်တဲ့ ကိစ္စရပ်များအားလုံးမှာဖြစ်စေ ကလေးများရဲ့ အမြင်ကို သူတို့ကိုယ်တိုင် ပြောဆိုခွင့်ပေးခြင်း၊ ဝင်ရောက်ဆောင်ရွက်ခွင့်ပေးခြင်း အခွင့်အရေးဖြစ်ပါတယ်။ ဒီအခွင့်အရေးကိုပေးတဲ့နေရာမှာ မိဘများအနေနဲ့ ကလေးများကို ဘေးအန္တရာယ်ဖြစ်စေမယ့် ပြင်ပ ပယောဂများမှ အကာအကွယ်ပေးရမယ်ဆိုတဲ့ အခွင့်အရေးနဲ့ ပဋိပက္ခဖြစ်နိုင်တာကြောင့် ခွဲခြားနားလည်ဖို့ လိုအပ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ကလေးသူငယ်များရဲ့ အခွင့်အရေးများအကြောင်းကို မိခင်၊ ဖခင်များသာမက ကလေးများနဲ့ထိတွေ့ဆက်စပ်မှုရှိနေတဲ့ ပုဂ္ဂိုလ်အားလုံး သိရှိနားလည်ကြပြီး မိမိတို့ရဲ့ အနာဂတ်မျိုးဆက်သစ်လေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပြုစုပျိုးထောင်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါတယ်။ ။

စစ်ကွင်းအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

စစ်ကွင်းအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၅ ရက်တွင် သရက်တောကျောင်းဝင်းရှိ စစ်ကွင်းကျောင်းတွင် နံနက် ၇ နာရီမှ ၉နာရီအထိကျင်းပမည်ဖြစ်၍ အသင်းဝင်များအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရန်ကုန်ရောက် စစ်ကွင်းသားစစ်ကွင်းသူများသည် မိမိတို့၏ မိသားစုများနှင့်အတူ ကြွရောက်ကြရန်နှင့် ယင်းနေ့တွင် သံဃာတော်များနှင့် တက်ရောက်သူများအား ဦးသန်းစိန်–ဒေါ်ခင်ခင်နု မိသားစု(သူရိန်ဝင်း သဲ၊ကျောက်၊အုတ်၊ ဘိလပ်မြေရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း)က စစ်ကွင်းမုန့်ဟင်းခါးဖြင့် ဒါနပြုမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးသိန်းလှိုင် ဖုန်း–၅၇၇၅၁၉၊ ဦးသန်းစိန် ဖုန်း–၅၄၈၇၀၁၊ ဦးမြင့်သိန်း ဖုန်း–၅၀၄၆၀၉၊ ဦးဝင်းမောင် ဖုန်း–၅၂၅၀၄၀ နှင့် ဦးမြဝင်း ဖုန်း–၂၀၀၀၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သာသနာလင်္ကာရအကျော်စာပြန်ပွဲ

ရန်ကုန် ဇူလိုင် ၁၄

ပခုက္ကူမြို့ သာသနစက္ကပဝတ္တန အသင်းကြီးမှ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆဋ္ဌမအကြိမ် သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲကြီးကို ၁၃၆၆ခုနှစ် ပြာသိုလဆန်း ၇၊၈ ရက်တွင် အာဂုံပြန်ပွဲနှင့် ၉၊၁၀၊၁၁ ရက်များတွင် ရေးဖြေစာမေးပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာဂုံပြန်ပွဲနှင့် ရေးဖြေစာမေးပွဲကို ဝင်ရောက်ဖြေဆိုလိုသော သာမဏေ၊ ရဟန်းတော်၊ သီလရှင်များသည် အသက်(၂၇)နှစ်ထက်မကြီးရ၊ ဖြေဆိုခွင့်ပုံစံကို သာသနစက္ကပဝတ္တန အသင်းတိုက်မှ ရယူ၍ ပုံစံဖြည့်စွက်ပြီးနောက် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း၁ရက်မှ(သီတင်းကျွတ်လပြည့်ကျော်) ၁၄ရက်အတွင်း အရောက် နောက်ဆုံးထား၍ အတွင်းရေးမှူး၊ သာသနစက္ကပဝတ္တနအသင်း လွတ်လပ်ရေးလမ်းနှင့် ကုသိနာရုံလမ်းထောင့် အမှတ်(၈)ရပ်ကွက် ပခုက္ကူမြို့ ဖုန်း–၀၆၂–၂၁၁၄၀ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ **(က–ပ)**

✱ ကျောဖုံးမှ

လုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စေရေး၊ ပြည်သူလူထု စိတ်လက်ရွှင်ပျစွာ အပန်းဖြေအနားယူနိုင်စေရေးအတွက် ဆောင်ရွက်ပေးရန်မှာ စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကတာဝန်များပင် ဖြစ်သည်။

တိကျစွာပြဋ္ဌာန်းထား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၁၉၉၃ခုနှစ် ဧပြီလ ၁ရက်နေ့က ပြဋ္ဌာန်းခဲ့သော စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ (၉)တွင် စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်း ၃၁ ရပ်ရှိပေသည်။ ထိုဥပဒေပုဒ်မ(၉) ပုဒ်မခွဲ(ခ)တွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဒ်မခွဲ(ထ)တွင် လမ်းတံတားများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ထည့်သွင်းပြဋ္ဌာန်းထားသည်။

စည်ပင်သာယာရေးလုပ်ငန်းများကို ထက်မြက်သွက်လက် အောင်မြင်စေရေး ဆောင်ရွက်နိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၁၉၉၀ပြည့်နှစ်မှစ၍ နှစ်စဉ်ရန်ကုန်မြို့၌ စုဝေးကျင်းပခဲ့ပြီး နိုင်ငံတော်အကြီးအကဲများက မူဝါဒဆိုင်ရာလမ်းညွှန်မှုများကို ပြုလုပ်ခဲ့ရာ ယခုနှစ်အစည်းအဝေးသည် (၁၅)ကြိမ်မြောက် ဖြစ်သည်။ ကျင်းပခဲ့သော အစည်းအဝေးများတွင် တစ်နှစ်တာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်သုံးသပ်ပြီး လာမည့်နှစ်အတွက် လုပ်ငန်းအစီအမံများ ချမှတ်ခဲ့ပေသည်။

မူဝါဒများလမ်းညွှန်

လွန်ခဲ့သော ဇွန် ၂၉ ရက်က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ကျင်းပခဲ့သော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက် ရောက်ပြီး စည်ပင်သာယာရေးဆိုင်ရာ မူဝါဒများကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **"မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ထမ်းဆောင်နေကြသည့် စည်ပင်သာယာရေးအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယခုလိုကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီး ဖော်ဆောင်မြှင့်တင်ပေးမည့် လက်တွေ့ကျသည့် အစီအမံများကို ခိုင်မာသော အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ တစ်မျိုးသားလုံးက မျှော်လင့်တောင့်တနေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးသည် နိုင်ငံတော်၏ အခြေခံအကျဆုံးဒေသများဖြစ်သည့် မြို့ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု ဖြန့်ကြက်တာဝန်ယူ ဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများသည် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိသည်ဟု စည်ပင်သာယာရေး အရာရှိတိုင်းက ခံယူထားရန်"**နှင့် **"စည်ပင်သာယာရေး အရာရှိများ၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သည့် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အထူးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်တို့မှာ ယှဉ်တွဲပါဝင်ထားပြီးလည်းဖြစ်သည့်အတွက် ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ၏ မူဘောင်အတွင်းမှာ မိမိတို့၏ ပင်မလုပ်ငန်းများကို အံဝင်ခွင်ကျချိတ်ဆက်ပြီး အလေးထား ဆောင်ရွက်ကြရန်"**မှာကြားခဲ့ပေသည်။

အဓိကလုပ်ငန်းများ

စည်ပင်သာယာရေးအဖွဲ့များအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီးငါးရပ်တွင် ပါဝင်သည့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး လုပ်ငန်းနှင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံး ရေရရှိရေး လုပ်ငန်းများကို အဓိကလုပ်ငန်းများအဖြစ် ဆောင်ရွက်ရန် တာဝန် ပေးထားခဲ့ပြီးဖြစ်ပေသည်။

ကျေးလက်တံတား ၂၀၆ စင်း

စည်ပင်သာယာရေးအဖွဲ့ဝင်များက ကျေးလက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ နှစ် ၃၀နှစ်ရှည်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သောနှစ် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ရန်ပုံငွေဖြင့် ကျေးလက်လမ်း လုပ်ငန်းအတွက် ငွေကျပ် ၁၀၀၂ ဒသမ ၄၅ သန်း၊ တံတားလုပ်ငန်းအတွက် ငွေကျပ် ၁၀၀ ဒသမ ၉၅ သန်းသုံးစွဲ၍ ကျေးလက်လမ်း မိုင် ၁၂၄၀ကျော်နှင့်ကျေးလက်တံတား ၂၀၆ စင်း တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစ၍ (၁၀)နှစ် စီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ရေအတွက်ခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာပေါင်း ၄၉၀၇ ရွာနှင့် အခြားပြည်နယ်နှင့်တိုင်းများရှိ ကျေးရွာ ၅၆၉၅ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အကျိုးခံစားနေကြရပြီ

ကျေးလက်ဒေသ ရေရရှိရေး စီမံကိန်းစတင်သည့်ကာလမှ ယနေ့အထိ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ စေတနာရှင် ပြည်သူ များ၏လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အပါအဝင် ကျေးရွာပေါင်း ၁၀၆၀၂ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းပေါင်း ၁၅၇၁၅ ခု ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ရေခက်ခဲသော ဒေသရှိပြည်သူ ကိုးသန်းကျော် ရေခက်ခဲမှုမှ ကင်းဝေးခဲ့ပေပြီ။ နှစ်ပေါင်းများစွာက ရေအတွက် အခက်ပွေခဲ့ရသည့် ကျေးလက်ပြည်သူများအတွက် လူသားချင်း စာနာ ထောက်ထားသောအားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှု၏ အကျိုးရလဒ်များကို ကျေးလက်ပြည်သူတို့ လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

အမျိုးသားရေးတာဝန်ကျေပွန်

စည်ပင်သာယာရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိဂုံးချုပ်အနေဖြင့် **"ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် နိုင်ငံတကာအလယ်မှာ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွားရပ်တည်နိုင်စေရေးရှေးရှုပြီး မိမိနိုင်ငံ မိမိလူမျိုး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်နေသော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများ အောင်မြင်ဖြစ်ထွန်းစေရအောင် ဝီရိယနှင့်စေတနာ ပေါင်းစပ်ပြီး တာဝန်ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ပေးရန်၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးပွားခိုင်ခံ့စေရေးဦးတည်ပြီး မြို့ရွာများ ဖွံ့ဖြိုးတိုးတက်စေရအောင် စည်ပင်သာယာရေးလုပ်ငန်းများဖြင့် အထောက်အကူပြုပေးရန်၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းသွားစေရေးအတွက် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေရေးအတွက်လည်းကောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရင်း အမျိုးသားရေးတာဝန် ကျေပွန်ကြရန်"** မှာကြားခဲ့သည်။

၎င်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအကောင်းဆုံးမြို့နယ်ဆုများ၊ မြို့သာယာလှပရေးအကောင်းဆုံးမြို့နယ်ဆုများ၊ အကောင်းဆုံးစံပြမြို့နယ်ဆုများကိုလည်းကောင်း ချီးမြှင့်ပေးခဲ့သည်။ စည်ပင်သာယာရေးအဖွဲ့များ အစည်းအဝေးတွင် ယခုကဲ့သို့ဆုများ ချီးမြှင့်ပေးခြင်းသည် ပထမအကြိမ်ဖြစ်ပေရာ မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုကို ထောက်ကူပေးသော အလားအလာကောင်းများ ဖြစ်ထွန်းလာမည်ဟု ယုံကြည်မိပေသည်။

အသေးစိတ်မှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်၏မှာကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီးနောက် နေ့လယ်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ် အမှတ် ၂၄၅ရှိ စည်ပင် သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ဆောင်ချက် များနှင့်ပတ်သက်၍ အားနည်းချက်များကို ပြုပြင်ရန်၊ အားသာချက်များကို အတုယူဆောင်ရွက်ကြရန်နှင့် ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် ဦးစီးဌာနမှတာဝန်ရှိသူများ၊ ပြည်နယ်၊တိုင်းနှင့်မြို့နယ်များမှ အမှုဆောင်အရာရှိများအား မှာကြားခဲ့ပေသည်။

သုံးသပ်ဆွေးနွေး

အစည်းအဝေးတွင် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကိုဖတ်ကြားပြီး ပြည်နယ်၊တိုင်း စည်ပင် သာယာရေးညွှန်ကြားရေးမှူးများက အစီရင်ခံစာအပေါ် စည်ပင်သာယာရေးအဖွဲ့ များ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဘဏ္ဍာရေး ဆိုင်ရာဆောင်ရွက်ချက်များ၊ မြို့ပြအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ချက်များ၊ ကျေးလက်အင်ဂျင်နီယာဆောင်ရွက်ချက်များ၊ ဥပဒေအခွန်နှင့် စစ်ဆေးရေး လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ကဏ္ဍငါးရပ်ခွဲ၍ သုံးသပ်ဆွေးနွေး တင်ပြသည်။

စည်ပင်သာယာရေးလုပ်ငန်းများကို ခေတ်မီတိုးတက်အောင်ဆောင်ရွက် ရန် အစည်းအဝေး၌ အင်ဂျင်နီယာသုတေသနစာတမ်းများကို ပြည်နယ်၊တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးများက ဖတ်ကြားတင်ပြ ခဲ့ကြသည်။ မြို့ပြစီမံကိန်းရေးဆွဲရေးတွင် အဓိကဖြစ်သော မြို့ပြဆိုင်ရာ အချက်အလက်များ စနစ်တကျပြည့်စုံစွာ ကောက်ယူထားရှိရေးစာတမ်း၊ ခေတ်မီ ကွန်ပျူတာဆော့ဖ်ဝဲ အသုံးပြု၍ လမ်းအန္တရာယ်ကင်းရှင်းစေမည့် ဒီဇိုင်းများ စနစ်တကျရေးဆွဲအကောင်အထည်ဖော်ရေး စာတမ်း၊ ဆည်မြောင်း၊ မြစ်ချောင်း များမှရေကို မြို့ရေပေးရေးလုပ်ငန်းအတွက် လျှပ်စစ်စွမ်းအားအသုံးပြု၍ တပ်ဆင်သောနည်းစနစ်များ ဖော်ထုတ်အသုံးပြုရေးစာတမ်း၊ အပူပိုင်းဒေသ မြေအောက်ရေအောင်းလွှာ အခြေအနေအပေါ် လေ့လာချက်စာတမ်း၊ မြို့များ၌ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကြိုးကြပ်ရန်လိုအပ်ချက်များ စာတမ်း၊ စည်ပင်သာယာရေးလုပ်ငန်းများတွင် လူ့စွမ်းအားအစား စက်စွမ်းအားကို အစားထိုး အသုံးပြုရေးစာတမ်းများဖြစ်ပေသည်။ ဖတ်ကြားတင်ပြသော စာတမ်းများကို အထူးဖိတ်ကြားထားသော ပညာရှင်များဖြစ်သည့် အငြိမ်းစားပါမောက္ခချုပ် ဦးလှထွန်းအောင်၊ အငြိမ်းစားပါမောက္ခ ဒေါ်ရင်မေနှင့် ပါမောက္ခ ဒေါက်တာ ဒေါ်မိမိကြည်တို့က သုံးသပ်အကြံပြုခဲ့ကြသည်။

ပြည်သူများအကျိုးရှိအောင်

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်နှင့် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆောင်ရွက်ပြီးသော လုပ်ငန်းများကို ပုံမှန်ပြုပြင် ထိန်းသိမ်းရေးလုပ်ရန်၊ ခေတ်နှင့်လျော်ညီအောင် ပြုပြင်မှုများ ပြုလုပ်သွားရန်၊ အပူပိုင်းဒေသတိုင်းသုံးတိုင်းအတွင်း ရေရရှိရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊ ကျေးလက်အိမ်ရာ စီမံကိန်းကို ကျေးလက်ပြည်သူများအတွက် ထိရောက်အကျိုးရှိစေရန် ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၅ ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့ ၅၇ ဖွဲ့တို့က မြန်မာနိုင်ငံ တစ်နံတစ်လျား နယ်စပ်ဒေသအစွန်အဖျားထိ ကွက်လပ်မကျန် မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေးလုပ်ငန်း တစ်နည်းအားဖြင့် ယခင်မြူနီစီပါယ်နှင့် ဒိစတြိတ်ကောင်စီလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြသည်။

ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြမည့် ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် နာယကဆရာတော်ဒေါက်တာ အရှင်ဓမ္မပီယ(သာသနဓဇဓမ္မာစရိယ၊Ph. D Carlifonia Institute) အမှူးပြုသော သံဃာတော်များအား ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင်၂၄ရက် (စနေနေ့) နံနက် ၈ နာရီခွဲတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၁၅၀၀၊ ဆွမ်း သံဃာတစ်ပါးလျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၇၁၃၁၂၊ ၅၆၂၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဖိတ်စာ မရရှိကြသော ယောဂီဟောင်းများနှင့် ဓမ္မမိတ်ဆွေများအားလည်း ဖိတ်ကြားထားကြောင်းသိရသည်။

(သတင်းစဉ်)

အစည်းအဝေးတက်ရောက်ရန် စင်ကာပူနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၄

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ASIA Health Care 2004 "Buyers Setters Meeting on Pharmaceutical and Natural Products" အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်း၊ အလုပ်အမှုဆောင် ဒေါက်တာစောမြအောင်တို့ ပါဝင်သည့် အဖွဲ့ဝင် ခြောက်ဦးပါ အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်၊ အတွင်းရေးမှူး ဒေါက်တာစောလှထွန်း၊ ဗဟိုအလုပ်အမှုဆောင် ဦးသန့်ဇင်နှင့်တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်များ

၁၄-၇-၂၀၀၄

ရန်ကုန်မြို့လယ်	၀ ဒသမ ၂၇ လက်မ
ကမ္ဘာအေး	၀ ဒသမ ၂၀ လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၂၀ လက်မ

အထက(သုဝဏ္ဏ)ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲအကြိုညှိနှိုင်းမည်

ရန်ကုန် ဇူလိုင် ၁၄

အထက (သုဝဏ္ဏ)ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၅ ခုနှစ်မှ ယနေ့အထိ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က-ပ)

အလားအလာကောင်း

ကျေးလက်ဒေသ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။ ရေများကို မြင်နေရသော်လည်း၊ ရေရှားနေသည့် ပင်လယ်နှင့်နီးသော မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုး တန်းဒေသ၊ တနင်္သာရီကမ်းရိုးတန်းဒေသများတွင် ရေချိုရရှိရန် ခက်ခဲသော ကျေးရွာများလည်းရှိသည်။ စည်ပင်သာယာရေးအဖွဲ့များက ထိုကျေးရွာများသို့ အရောက် ကွင်းဆင်း၍ ရေရရှိရေးဆောင်ရွက်နေသည်။ ပမာအားဖြင့် တင်ပြ ရလျှင် ပြီးခဲ့သောနှစ်က ခရမ်း၊ သုံးခွနှင့်ကျောက်တန်းမြို့နယ်အတွင်းရှိကျေးရွာ များတွင် စမ်းသပ်တွင်း ၇၈ တွင်း တူးဖော်ခဲ့ရာ ရေချို ၆၂ တွင်း ရရှိခဲ့ပြီး ရေငန် ၁၆ တွင်း တွေ့ရှိရသဖြင့် အလားအလာကောင်းများ တွေ့ရှိရပြီဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် စည်ပင်သာယာရေးအဖွဲ့နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်မှာချက်များ၊ စည်ပင်သာယာရေးအဖွဲ့များ အချင်းချင်း အတွေ့အကြုံ ညှိနှိုင်းရရှိချက်များ၊ အားနည်းချက်နှင့် အားသာချက် ဖော်ထုတ်တွေ့ရှိမှုများ၊ သုတေသနစာတမ်း များ လေ့လာတွေ့ရှိချက်များသည်

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ၌အောင်မြင်မှုရရှိရေးရည်ရွယ် ပဏာမလက်ရွေးစင်နှင့်အဆင့်မြင့်တန်းညွှန့်ပေါင်း ယနေ့ခြေစမ်းမည်

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၄ခုနှစ် ဩဂုတ် ၂၀ ရက်မှ ၂၈ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲအတွက် ရွေးချယ် လေ့ကျင့်ပေးလျက်ရှိသော ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းဘောလုံးအသင်းများမှ ရွေးချယ်ထားသည့် ညွှန့်ပေါင်းလက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အယ်လ်ဂျီဖလားဘောလုံး ပြိုင်ပွဲအတွက် ရည်ရွယ်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယခင်က အနီရောင်နှင့် အဖြူရောင် ခွဲ၍ အချင်းချင်းခြေစမ်းကစားခြင်းသာ ရှိခဲ့သည်။ ယခုအဆင့်မြင့်တန်း ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲသည် ပဏာမမြန်မာ့လက်ရွေးစင်အသင်း ၏ ပထမဆုံးပြည်တွင်းခြေစမ်းပွဲဖြစ်သည်။ ဇူလိုင်၁၅ရက် ပွဲစဉ်ယှဉ်ပြိုင်ကစားပြီးလျှင် ကြား၌တစ်ရက်နားကာ ဇူလိုင် ၁၇ရက်တွင် အဆင့်မြင့်တန်း ညွှန့်ပေါင်းအသင်းနှင့် ဒုတိယခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အယ်လ်ဂျီဖလား

အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲသည် အသက်ကန့်သတ်ချက်မရှိသော အဆင့်မြင့် ဘောလုံးပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ ပြိုင်ပွဲတွင် ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အိမ်ရှင်ဗီယက်နမ်နိုင်ငံမှ နှစ်သင်း၊ မြန်မာ၊ တောင်ကိုးရီးယား၊ အိန္ဒိယနှင့် မလေးရှားတို့ဖြစ်ကြသည်။ မြန်မာနှင့် မလေးရှားတို့သည် တိုက်ဂါးဖလားပွဲ၌ တစ်အုပ်စုတည်းကျနေရာ တိုက်ဂါးဖလားပွဲအကြိုအားစမ်းရမည့်သဘောပင် ဖြစ်သည်။

ပဏာမလက်ရွေးစင်

အယ်လ်ဂျီဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိရာ အားကစားသမား ၃၁ဦးပါဝင်သည်။ ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် **(ဂိုး)** အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ကိုကိုအောင် (ကာကွယ်ရေး)၊ ကျော်မင်းလှိုင်(စွမ်းအင်)၊ ထွန်းထွန်းလင်း (မြို့တော်စည်ပင်)၊ **(နောက်တန်း)** မင်းသူ(စီးပွား/ကူးသန်း)၊ ဇော်လင်းထွန်း–၂(စီးပွား/ကူးသန်း)၊ ဌေးအောင်(ကာကွယ်ရေး)၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ အောင်ဟိန်းလတ်(ဘဏ္ဍာ/အခွန်)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ ဇော်ထက်အောင် (စွမ်းအင်)၊ အောင်ဇော်မျိုး(မြို့တော်စည်ပင်)၊ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ အောင်ထွန်းလင်း(ဘဏ္ဍာ/အခွန်)၊ **(အလယ်တန်း)**ဇော်ဇော်(မြို့တော်စည်ပင်)၊ အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ စန်းမောင်(ကာကွယ်ရေး)၊ ဘိုဘိုအောင် (စီးပွား/ကူးသန်း)၊ မာလ(စီးပွား/ကူးသန်း)၊ ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)၊ မျိုးမင်းထွန်း(စီးပွား/ကူးသန်း)၊ လွင်ဦး(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ မောင်မောင်အောင်(ကာကွယ်ရေး)၊ **(ရှေ့တန်း)** ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ကျော်သူရ (ဘဏ္ဍာ/အခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ထွန်းမင်းဦး(ကမ္ဘောဇ)၊ ထွန်းမင်းနိုင်(ကာကွယ်ရေး)နှင့် နိုင်ဝင်း (စွမ်းအင်)တို့ပါဝင်ကြသည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းကိုနည်းပြဆရာများအဖြစ် ဦးတင်ဟန်၊ ဦးကြည်လွင်၊ ဦးတင်မြင့်အောင်နှင့်ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

ညွှန့်ပေါင်းလက်ရွေးစင်

အဆင့်မြင့်တန်း ကလပ်အသင်းများမှ ရွေးချယ်ဖွဲ့စည်းထားသော အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းတွင် အားကစားသမား ၂၃ ဦး ပါဝင်သည်။

အဆင့်မြင့်တန်း ညွှန့်ပေါင်းအသင်း၌ **(ဂိုး)**ညီညီထွန်း (သစ်တောရေးရာ)၊ စောမိုးထက်(ခ)အောင်မြင့်နိုင်(စီးပွား/ကူးသန်း)၊ ဟိန်းဇေယျာကျော်(ဘဏ္ဍာ/အခွန်)၊ **(နောက်တန်း)** မင်းမင်းထွန်း(စွမ်းအင်)၊ ချမ်းချမ်း (စီးပွား/ကူးသန်း)၊ ကျော်ကျော်ဝင်း (စီးပွား/ကူးသန်း)၊ မိုးကျော်သူ (ဘဏ္ဍာ/အခွန်)၊ အောင်ကျော်မြင့် (ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းနောင် (မြို့တော်စည်ပင်)၊ မိုးဇော်ထွန်း (စီးပွား/ကူးသန်း)၊ စိန်သောင်း (ပတ္တမြားနဂါး)၊ကြည်အောင်(စွမ်းအင်)၊ ဇော်မျိုးမင်း (ဆောက်လုပ်ရေး)၊ **(အလယ်တန်း)**ရန်နောင်စိုး(စွမ်းအင်)၊ ကျော်မျိုးဟန်(စွမ်းအင်)၊ တင့်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ **(ရှေ့တန်း)** ထွန်းထွန်းအေး(စွမ်းအင်)၊ နေသူလှိုင် (ပြည်ထဲရေး)၊ စည်သူဝင်း(ပြည်ထဲရေး)၊ လတ်နေဝင်း(ပြည်ထဲရေး)နှင့် စထက်နိုင်ဝင်း(လယ်ယာထွက်ကုန်) တို့ ပါဝင်ကြသည်။

အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းကို နည်းပြဆရာအဖြစ် ဦးအေးမောင်ကြီးက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ဘဏ္ဍာ/အခွန်

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် အားကစားသမား ၃၁ဦး ပါဝင်သည့်အနက် ဘဏ္ဍာ/အခွန်အသင်းမှ ၁၁ဦး၊ စီးပွား/ကူးသန်းအသင်းမှ ခြောက်ဦး၊ ကာကွယ်ရေးအသင်းမှငါးဦး၊ စွမ်းအင်အသင်းမှ လေးဦး၊ မြို့တော်စည်ပင်အသင်းမှ သုံးဦး၊ ကမ္ဘောဇအသင်းမှ နှစ်ဦးတို့ဖြစ်ကြသည်။ ဘဏ္ဍာ/အခွန်အသင်းမှ အားကစားသမားပါဝင်မှု အရေအတွက် အများဆုံးဖြစ်၍ ပဏာမမြန်မာ့လက်ရွေးစင် အသင်းသည် ဘဏ္ဍာ/အခွန်အသင်းကို အခြေခံ၍ ဖွဲ့စည်းထားသည့် သဘောပင်ဖြစ်သည်။

စွမ်းအင်နှင့်စီးပွား/ကူးသန်း

အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းတွင် စွမ်းအင်အသင်းမှငါးဦး၊ စီးပွား/ကူးသန်းအသင်းမှ လေးဦး၊ ပြည်ထဲရေးအသင်းမှ သုံးဦး၊ ဘဏ္ဍာ/အခွန်အသင်းမှ သုံးဦး၊ မြို့တော်စည်ပင်အသင်းမှ နှစ်ဦး၊ သစ်တောရေးရာအသင်း၊ ပတ္တမြားနဂါးအသင်း၊ ဆောက်လုပ်ရေးအသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့မှ တစ်ဦးစီဖြစ်သည်။

အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းသည် စွမ်းအင်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ကို အခြေခံ ၍ဖွဲ့စည်းထားခြင်းဟု ဆိုနိုင်သည်။ အဆင့်မြင့်တန်းမှ ဘဏ္ဍာ/အခွန်ပြီးလျှင် အင်အားအတောင့်တင်းဆုံးအသင်းနှစ်သင်းမှ အားကစားသမားများကို အဓိကအခြေခံ၍ ဖွဲ့စည်းထားသော အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းနှင့် ဘဏ္ဍာ/အခွန်ကိုအခြေခံသော ပဏာမမြန်မာ့လက်ရွေးစင် အသင်းတို့၏ ခြေစွမ်းပွဲမှာ စိတ်ဝင်စားစရာဖြစ်ပေသည်။

ဆက်သွယ်မေးမြန်း

အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းကို နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဦးအေးမောင်ကြီးအား မြန်မာ့အလင်းက ယနေ့နံနက်ပိုင်းတွင် ဆက်သွယ်မေးမြန်းခဲ့သည်။ နည်းပြ ဦးအေးမောင်ကြီးက "အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားပြီးဆုံး၍ အမှတ်ပေးပြိုင်ပွဲစတင်ရန် ရက်များစွာ လိုနေသေးသည်ဖြစ်ရာ အချို့အသင်းများ လေ့ကျင့်မှု အနားပေးထားချိန်ဖြစ်ကြောင်း၊ ကစားသမားများအနက် အချို့နယ်ပြန်နေချိန်ဖြစ်၍ စုစည်းရာတွင် အခက်အခဲရှိကြောင်း၊ ရသမျှအချိန်အတွင်း အတတ်နိုင်ဆုံးကြိုးစား၍ ရွေးချယ်စုစည်းခဲ့ရကြောင်း၊ ယခုကဲ့သို့ ခြေစမ်းပွဲကစားနိုင်ရန် ကြိုတင်စီစဉ်ခဲ့သော်လည်း ကွင်းဖွင့်ဖလားပြီးဆုံးသည်အထိ စောင့်ဆိုင်းခဲ့ရကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ တာဝန်ပေးအပ်ချက်အရ အခက်အခဲများကြားမှ မဖြစ်မနေ ရွေးချယ်ဖွဲ့စည်းခဲ့ရကြောင်း၊ ဇူလိုင်၁၅ရက်၌ ကစားမည့်အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်း၏ ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ ဇူလိုင် ၁၇ ရက်၌ ကစားမည့် ဒုတိယခြေစမ်းပွဲစဉ်၌ အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်းမှ ကစားသမားအချို့ အပြောင်းအလဲရှိနိုင်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

နည်းပြနှစ်ဦး

အဆင့်မြင့်တန်းညွှန့်ပေါင်း လက်ရွေးစင်အသင်း၏ နည်းပြဆရာအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဦးအေးမောင်ကြီးသည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ နည်းစနစ်မှူးဖြစ်သည်။ ဘောလုံးသမားဘဝက အောင်မြင်ကျော်ကြားထင်ရှားခဲ့ပြီး မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ နည်းပြတာဝန်ကို ယခင် အင်္ဂလန်နည်းပြ ဒေးဗစ်ဘုသ်နှင့် ပူးတွဲထမ်းဆောင်ခဲ့သူဖြစ်သည်။ ဦးအေးမောင်ကြီးသည် နည်းစနစ်၊ နည်းဗျူဟာ ကျွမ်းကျင်ပိုင်နိုင်ပြီး ဘောလုံးသမားရွေးချယ်ရာ၌ ကြည့်တတ်မြင်တတ်သူ တစ်ဦးဖြစ်သည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဦးတင်ဟန်သည် မြန်မာ့လက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုမရရှိခဲ့ဖူးသေးသော်လည်း လူငယ်ပြိုင်ပွဲများ၌ အောင်မြင်မှုများ ရရှိထားသည်။ အာဆီယံအသက်(၁၇)နှစ်အောက်လူငယ်ပြိုင်ပွဲ၊ အာဆီယံအသက်(၁၈)နှစ်အောက် လူငယ်ပြိုင်ပွဲများ၌ လက်ထောက်နည်းပြ ဦးကြည်လွင်နှင့်တွဲ၍ မြန်မာလူငယ်အသင်းကို ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အတွေ့အကြုံရရှိရေး

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းနှင့်အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်းတို့၏ ယနေ့ခြေစမ်းပွဲသည် အနိုင်အရှုံးရလဒ်အနေဖြင့် အဓိကမကျဘဲနှစ်ဖက်ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိရေးနှင့် ပဏာမမြန်မာ့လက်ရွေးစင်အသင်း၏ခြေစွမ်းမည်မျှရှိသည်ကို စောင့်ကြည့်ရမည့်ပွဲဖြစ်သည်။ ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို အစားအသောက် အနေအထိုင်မှအစ လိုလေသေးမရှိ ပံ့ပိုးထားပြီး တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်ပုံမှန် လေ့ကျင့်လျက်ရှိသည်။ အဆင့်မြင့်တန်းမှ အကောင်းဆုံးခြေစွမ်းပြနိုင်သူများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အားကစားသမားရွေးချယ်ရေးအဖွဲ့က ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

အဆင့်မြင့်တန်း ညွှန့်ပေါင်းအသင်းသည် ရက်ပိုင်းအတွင်း ရွေးချယ်စုစည်းထားခြင်းဖြစ်ရာ အသင်းလိုက်စုစည်းလေ့ကျင့်မှုမရှိပေ။ ပဏာမမြန်မာ့လက်ရွေးစင်အသင်းမှ မိခင်ကလပ်အသင်းများသို့ ပြန်လည်စေလွှတ်ခြင်းခံရသူများလည်း ပါဝင်ခြင်းမရှိ၍ ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့်ယှဉ်လျှင် အားနည်းသည့်အနေအထား၌ရှိသည်။ လမ်းမှန်ကမ်းမှန်အရဆိုလျှင် ပဏာမမြန်မာ့လက်ရွေးစင်အသင်းက အဆင့်မြင့်တန်း ညွှန့်ပေါင်းအသင်းကို အနိုင်မရစရာ အကြောင်းမရှိပေ။ သို့သော် အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်းမှ အားကစားသမားများထဲ၌ နိုင်ငံတကာအတွေ့အကြုံရှိသူများ ပါဝင်နေကြသည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းမှအားကစားသမားများနှင့် အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်းမှ အားကစားသမားများ အဆင့်မြင့်တန်းပြိုင်ပွဲများ၌ ဆုံတွေ့နေကျဖြစ်၍ အကြောင်းသိများ ဖြစ်နေကြသည်။ ယခုကဲ့သို့ ခြေစမ်းပွဲများတွင် အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်းက မခံချင်စိတ်ဖြင့် ပိုမိုအားထည့်ကစားသည့် အစဉ်အလာများရှိခဲ့ဖူးသည်။

ပြီးခဲ့သည့် ယူရို ၂၀၀၄ပြိုင်ပွဲတွင် လက်ရှိချန်ပီယံပြင်သစ်နှင့် အိမ်ရှင်ပေါ်တူဂီတို့ကို ဂရိအသင်းက အနိုင်ယူပြီး ချန်ပီယံဆုဖလား ရရှိခဲ့သည်။ ဘောလုံးဆိုတာ အလုံးကြီးဆိုသော စကားအရ အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်းက အားထည့်ကစားပြီး အနိုင်ရသွားလျှင်လည်း အံ့ဩစရာမရှိပေ။

ဂိုးသမား စောမိုးထက်(ခ)အောင်မြင့်နိုင်၊ နောက်တန်းမှအောင်ကျော်မြင့်၊ မိုးကျော်သူ၊ မင်းမင်းထွန်းနှင့် ကျော်ကျော်ဝင်း၊ အလယ်တန်းမှ ကျော်မျိုးဟန်၊ တင့်နိုင်ထွန်းသိန်းနှင့် ရန်နောင်စိုး၊ ရှေ့တန်းမှ နေသူလှိုင်၊ လတ်နေဝင်း၊ ထွန်းထွန်းအေးနှင့် စထက်နိုင်ဝင်းတို့၏ခြေစွမ်းနှင့်နည်းပြ ဦးအေးမောင်ကြီး၏ နည်းစနစ်တို့ပေါင်းစပ်ထားသော အဆင့်မြင့်တန်းညွှန့်ပေါင်းအသင်း၏ကစားကွက်နှင့် ကစားအားကို စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ဇူလိုင် ၁၃ ရက်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဗဟန်းအမက(၁၃)၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်ဆွေ ဦးဆောင်၍ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အလှပန်းအိုးများနှင့် အရိပ်ရပင်များစိုက်ပျိုးကြစဉ်။

(က–ပ)

တိပိဋကမဟာဂန္ထာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်မြို့ ကမ္ဘာအေးတိပိဋကမဟာဂန္ထာရုံကျောင်းတိုက်ကြီး၌ဝါကပ်တော်မူကြမည့် ပဓာနနာယကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) အမှူးရှိသော သံဃာတော်အပါး ၃၅၀ တို့အား အကျိုးဆောင်များနှင့် အလှူရှင်များ စုပေါင်းကာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင် ၃၁ ရက်) စနေနေ့ မွန်းလွဲ ၂နာရီတွင် သီရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး တိပိဋကမဟာဂန္ထာရုံကျောင်းတိုက်ကြီး အရှေ့ဝါယာလက်(၂)လမ်း ရေကူး+ကမ္ဘာအေး ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင်ကပ်လှူ တရားတော်နာကြွရောက်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)ကရာတေးဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းမြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်း၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အုပ်မှူး/တပ်မှူးများ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်မည်

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲတွင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၁၇)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၄

အာဆီယံ ၁၀ နိုင်ငံရှိ ဟိုတယ်များကို တစ်ပြေးညီကြယ်အဆင့်သတ်မှတ်ပြီး နိုင်ငံတကာသို့ကြေညာမည်၊ ပါရီမြို့တွင် မြန်မာနိုင်ငံမှ ပထမဆုံး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းကို ယူရိုတစ်သန်း အကုန်အကျခံ ဆောက်လုပ်ရန်စီစဉ်၊ မြန်မာနိုင်ငံထွက်ကုန် 'ဝ'ဥကို တရုတ်က တိုင်းရင်းဆေးဖော်ရန် အမေရိကန်ဒေါ်လာသုံးသန်းဖိုး ဝယ်ယူမည် စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိသည်။

ယနေ့ထက်တိုင် မမေ့ရက်နိုင် ဒိုင်ယာနာ့အလွမ်းပြေရေပန်း လန်ဒန်တွင်ဖွင့်၊ ဟောလီးဝုဒ်ရုပ်ရှင်မင်းသား အဲရစ်ဒေါက်ကလပ်စ် သူ့အခန်း၌ ထူးဆန်းစွာသေဆုံးနေ၊ အိပ်ချ်အိုင်ဗွီကူးစက်မှု ၂၀၀၃ခုနှစ်အတွင်း ပိုများလာ၊ ပြီးခဲ့သည့်နှစ်အတွင်း လူငါးသန်းရောဂါကူးစက်ခဲ့ပြီး လူသုံးသန်းသေ အစရှိသည့် နိုင်ငံတကာ သတင်းဆောင်းပါး စုံလင်စွာကို e-Empire Media House ဖုန်း–၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

(က–ပ)

✳ *ကျောဖုံးမှ*

၁၉၅၆ ခုနှစ်က ဟောင်ကောင်တွင် စတင်ကျင်းပခဲ့သော အာရှဖလားဘောလုံးပြိုင်ပွဲ၏သက်တမ်းသည် ၁၃ ကြိမ်မြောက်ရှိပြီဖြစ်ရာ ၄၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ လေးနှစ်တစ်ကြိမ် ကျင်းပခဲ့သော အာရှဖလားဘောလုံးပြိုင်ပွဲကို ယခု ၂၀၀၄ ခုနှစ်တွင် တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်သည်။

အာရှချန်ပီယံအသင်းများ

အာရှဖလားဘောလုံးပြိုင်ပွဲကျင်းပပြီးခဲ့သည့်သမိုင်းတစ်လျှောက် ချန်ပီယံဖြစ်ခဲ့သောအသင်းများမှာ ၁၉၅၆ ခုနှစ်က တောင်ကိုရီးယား၊ ၁၉၆၀ ပြည့်နှစ်၌ တောင်ကိုရီးယား၊ ၁၉၆၄ ခုနှစ်က အစ္စရေး၊ ၁၉၆၈ခုနှစ်တွင် အီရန်အသင်း ဗိုလ်စွဲပြီး မြန်မာအသင်း ဒုတိယရရှိခဲ့သည်။ ထို့နောက် ၁၉၇၂ ခုနှစ်တွင် အီရန်၊ ၁၉၈၀ပြည့်နှစ်က ကူဝိတ်၊ ၁၉၈၄ ခုနှစ်က ဆော်ဒီ၊ ၁၉၈၈ခုနှစ်က ဆော်ဒီ၊ ၁၉၉၂ ခုနှစ်တွင် ဂျပန်၊ ၁၉၉၆ခုနှစ်ကယူအေအီး၊ ၂၀၀၀ပြည့်နှစ်တွင် ဂျပန်အသင်းတို့ ဖြစ်ကြသည်။

ပြီးခဲ့သည့် အာရှဖလားဘောလုံးပွဲစဉ်များကို စနစ်အသီးသီးပြောင်းလဲကျင်းပခဲ့ပြီးနောက် ယခုနှစ်အာရှဖလားဘောလုံးပြိုင်ပွဲကို စနစ်သစ်ဖြင့် စတင်ကျင်းပမည်ဖြစ်သည်။

၁၆ သင်းတက်ရောက်

ယခုနှစ်အာရှဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ အသင်း ၁၆ သင်းတက်ရောက်လာရာ အုပ်စု လေးစုခွဲကာ အမှတ်ပေးပတ်လည် စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အုပ်စု(က)တွင် တရုတ်၊ ဘာရိန်း၊ ကာတာနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်ကြပြီး ပြိုင်ပွဲမတိုင်မီကပင် ခြေစစ်ပွဲများကစားခဲ့ကြသည်။

အာရှဖလားယူမည်

ဟော်လန်နိုင်ငံသားနည်းပြ ရီဟာန်း တာဝန်ယူထားသော တရုတ်အသင်းသည် အိမ်ရှင်ဖြစ်သည့်အတွက် ခြေစစ်ပွဲမကစားဘဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရသောအသင်းဖြစ်ပြီး ယခုနှစ်တွင် အာရှဖလား ရအောင်ယူမည်ဟု ဟော်လန်နည်းပြကြီးက ကြုံးဝါးထားသောအသင်းလည်းဖြစ်သည်။ ပြိုင်ပွဲစတင်ကျင်းပမည့် ဇူလိုင် ၁၇ ရက်တွင် တရုတ်အသင်းသည် ဘာရိန်းအသင်းနှင့်ပွဲဦးကစားရမည်ဖြစ်သည်။

ဟူစိန်အလီကိုအားထား

အိမ်ရှင်တရုတ်အသင်းနှင့် ပွဲဦးထွက်တွေ့မည့် ဘာရိန်းအသင်းကို ယခင်ယူဂိုဆလပ်နည်းပြဆရာ ဆာရီရိုလျူရစ်စီက တာဝန်ယူကာ ခြေစွမ်းထက်မြက်ပြီး ဂိုးခြေမြူးနေသော တိုက်စစ်မှူးဟူစိန်အလီကို အဓိကထားကစားမည်ဖြစ်သည်။

တရုတ်အသင်းသည် အိမ်ရှင်အဖြစ် ဖွင့်ပွဲကစားရရာတွင် ဖိအားများရှိနေပြီး ဘာရိန်းအသင်းကို ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။

ပြင်သစ်နည်းပြဆရာ ထရောင်စီယာ တာဝန်ယူထားသော ကာတာအသင်းသည် ခြေစစ်ပွဲခြောက်ပွဲကစားရာတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဟူသော ရလဒ်များကိုဖြတ်သန်းကာ အာရှဖလားနောက်ဆုံးအဆင့်ဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

အုပ်စုဒုတိယဖြင့်တက်လာ

ဇူလိုင် ၁၈ ရက်တွင် ကာတာအသင်းနှင့် ကစားရမည့်အသင်းမှာ အင်ဒိုနီးရှားအသင်းဖြစ်ပြီးယခင်ထိုင်းအသင်းကို တာဝန်ယူခဲ့သော ပီတာဝှစ်ကနည်းပြအဖြစ်ဆောင်ရွက်မည်ဖြစ်၍ တိုက်စစ်မှူးဗိုင်နယ်အာရိမ်းကို အားပြုကစားမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ခြေစစ်များကစားရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး (၁၀) မှတ်ရကာ အုပ်စုဒုတိယဖြင့် တက်လာသောအသင်းဖြစ်သည်။

အီရန်ဘောလုံးအသင်း

ယခုအခါ အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲဝင်အသင်းများအနက် အီရန်အသင်းက ဘောလုံးသမား ၂၂ဦးကို နောက်ဆုံး ရွေးချယ်လိုက်ရာ **(ဂိုး)** အီဘရာဟင်းမီဇာပို၊ ဟက်ဆန်ရောဘာရိန်း၊ မက်ဒီရာမာတီ၊ **(နောက်တန်း)** ယက်ယာရိုလ်မိုဟမ်မာဒီ၊ မိုဟာမက်နောစ်ရာတီ၊ အီဘရာဟင်တိုက်ဟီပူရာ၊ ဆက်တာဇာရီ၊ ဂျာအယ်ကာမာလီ၊ ရာမန်ရီဇာအီ၊ **(အလယ်တန်း)** အီမင်မိုဘာလီ၊ မိုဟာမက်အယ်ရာဗီ၊ ဟို့စ်စိန်ကာအီဘိုင်၊ အလီဘာဒါဗီ၊ မက်ဒီအမီရာဘာဒီ၊ ဖာဇက်မာဂျီဒီ၊ ဂျာဗစ်နီကူနမ်၊ ဟာမက်ကာဗီရမ်ပူရာ၊ **(ရှေ့တန်း)** အလီဒါအီ၊မက်ဒီမက်ဒါ ဗီကီးယာ၊ အလီကာရီမီ၊ ရီဇာအီနာယာတီတို့ဖြင့် ဖွဲ့စည်းထားသည်။

အီရန်ရေပန်းစား

အာရှဖလား ချန်ပီယံနှစ်ကြိမ်ရရှိထားခဲ့ဖူးသော အီရန်အသင်းသည် လူငယ်ဘောလုံးကြယ်ပွင့်များဖြစ်သော ဟို့စ်စိန်ကာအီဘိုင်၊ အီမင်မိုဘာလီ တို့ကို ပွဲထုတ်ကစားမည်ဖြစ်ပြီး အာရှဖလား ၂၀၀၄တွင် ရေပန်းစားလျက်ရှိသော အသင်းလည်းဖြစ်သည်။

ဥဇဘက်ကစ္စတန်အသင်း

ထို့အတူ အုပ်စု(ဂ)တွင် ပါဝင်သော ဥဇဘက်ကစ္စတန်အသင်းကလည်း နောက်ဆုံးဘောလုံးသမားစာရင်းကို ထုတ်ပြန်လိုက်ရာ **(ဂိုး)** အလက်ဇီပိုရာကော့ဗ်၊ အိုင်ဂနာတွိုင်နက်စ်တာရော့ဗ်၊ အီဗ်ဂီနီဆာဖိုနော့ဗ်၊ **(နောက်တန်း)** ဘက်ခ်တီ ရောအက်ဆူမာတော့ဗ်၊ အင်ဒရီဖယို ဒိုရော့ဗ်၊ ဆာ့ဗ်ကက်ရိန်းကူလော့၊ နီကိုလေရီရာဆော့ဗ်၊ အက်ရောအက်လီရူလော့ဗ်၊ အတ်စ်လုန်းအင်နိုမော့ဗ်၊ **(အလယ်တန်း)** မက်ဒရီ ဂျာလာကစ်မီမော့ဗ်၊ လိုယိုနစ်ကိုရီလော့ဗ်၊ အင်ဒရီအက်ကော့ရင်တ်၊ ဆာဗာဒီဂျီပါရော့ဗ်၊ တီမူရာကာပက်ဇီ၊ အိုင်ဒါမက်ဒီ၊ အိုင်ရော့စ်ဖိုင်တူယဗ်၊ အက်လီဇီနီကိုလက်ဗ်၊ **(ရှေ့တန်း)** အင်ဗာဂျွန်ဆိုလီဗ်၊ ဗလာဒီမီရာရှီဆီလော့ဗ်၊ အလက်ဇန္ဒားရိုရစ်၊ ဇာဖာခိုမူရိုဒေါ့ဗ်၊ မာရက်ဘစ်မော့ဗ် တို့ပါဝင်ကြသည်။

အကောင်းဆုံးယှဉ်ပြိုင်မည်

ဥဇဘက်ကစ္စတန်အသင်းနည်းပြ ရာ့ဗ်ဆင်ဟောဒါရော့ဗ်က မိမိ၏အာရှဖလားပြိုင်ပွဲဝင် ဘောလုံးအသင်းသည် ရုရှားနိုင်ငံတွင် ကစားနေသည့် ဘောလုံးသမားများကို အခြေခံပြီး ဖွဲ့စည်းထားကြောင်း အကောင်းဆုံး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

အာရှဖလားဘောလုံးပြိုင်ပွဲ ၂၀၀၄ တွင် ရေပန်းစားလျက်ရှိသော ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် အီရန်အသင်းများကို ပြီးခဲ့သည့် ယူရို ၂၀၀၄ ကဲ့သို့သော မထင်မှတ်သည့် အသင်းများက အောင်ပွဲခံ အနိုင်ယူသွားမလားဆိုသည်ကို မကြာမီရက်ပိုင်းအတွင်း အဆုံးအဖြတ်ပေးတော့မည်ဖြစ်သည်။

အာရှဖလားသမိုင်းတွင် အစဉ်အလာကြီးခဲ့သော ဘောလုံးအသင်းများကို ပြောင်းလဲလာသော ဘောလုံးနည်းစနစ်ပိုင်းနှင့် ကစားပုံများကို လိုက်လျောညီထွေ ကျင့်သုံးလာသည့် မမျှော်လင့်ထားသော အသင်းများက ကျော်ဖြတ်ကာ ချန်ပီယံဆုကို သယ်ဆောင်သွားမည်လား ဆိုသည်ကို ရင်ခုန်စွာ ကြည့်ရှုရတော့မည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

တရုတ်အသင်းနှင့် ယူအေအီးအသင်းတို့ အာရှဖလား အကြိုခြေစမ်းပွဲတွင် တရုတ်အသင်းမှ ဇူဟိုင်ဘင် ထိုးဖောက်ကစားရန်ကြိုးစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့ ကလောမြို့နယ် မြင်းမထိကျေးရွာတွင် အောင်မြင်ဖြစ်ထွန်းနေသည့် ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)

☆ *ကျောဖုံးမှ*

လက်ခံသော ဆေးဖက်ဝင် ဉတစ်လုံးကြက်သွန်ဖြူအဖြစ် နေရာယူထားလေပြီ။

ရန်ကုန်မြို့ရှိ သီရိမင်္ဂလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှထွက်သည့် ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်းနှင့် အာလူးတို့သည် ရောင်းပန်းလှသည့် စားသောက်ကုန်များဖြစ်ကြလေရာ အဆိုပါကုန်စိမ်းများ၊ ဟင်းသီးဟင်းရွက်များကို အများဆုံးဦးစားပေးစိုက်ပျိုးသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အဓိကသီးနှံ(၁၀)မျိုးဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံနှင့် အစေ့ထုတ်ပြောင်းတို့ကို နိုင်ငံတော်ကလည်း ပန်းတိုင်အထွက်နှုန်းရရှိအောင် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ အားပေးလျက်ရှိသည်။

အောင်မြင်မှုရရှိ

ထို့အပြင်ဒေသထွက်ကုန်ဖြစ်သည့် ဟင်းသီးဟင်းရွက်များအပါအဝင် ဒေသထွက်သီးနှံမျိုးပေါင်း ၃၀ကို လည်း တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင် မြို့နယ် ၂၁ခုတွင် အထူးဦးစားပေးစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ အောင်မြင်မှုရရှိနေကြောင်းသိရသည်။

အထူးသဖြင့် ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီး၊ အာလူး၊ ချင်း၊ နနွင်း၊ ကြက်သွန်ဖြူ၊ လိမ္မော်၊ လက်ဖက်တို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ဂုဏ်ဆောင် သီးနှံများဖြစ်ပြီး ဂျုံ၊ ပဲပုပ်၊ ပဲလွန်း၊ ပဲယင်း၊ ကုလားပဲ၊ မြေထောက်ပဲ၊ စားတော်ပဲ၊ ပဲကြီး၊ ပဲရာဇာ၊ ပန်းနှမ်း၊ ဆီမုန်ညှင်း၊သစ်ဆိမ့်၊ ကြက်ဆူ၊ ကော်ဖီ၊ အုန်းသီး၊ ငှက်ပျော၊ သနပ်ဖက်၊ သရက်၊ ငရုတ်တို့သည်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ဒေသထွက်ကုန်သီးနှံများ ဖြစ်ကြ၏။

လူကြိုက်များနေ

အများဆုံးစိုက်ပျိုးသည့် သီးနှံများမှာ ပဲပုပ်၊ သစ်ဆိမ့်၊ လက်ဖက်၊ သနပ်ဖက်၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ ဂေါ်ရခါးသီး၊ အာလူးနှင့်ချင်းတို့ဖြစ်ကြပြီး ရှမ်းပြည်နယ် ပင်လောင်းမှထွက်သော လက်ဖက်နှင့် အောင်ပန်းလိမ္မော်၊အင်းလေး ခရမ်းချဉ်တို့က မြန်မာပြည်တစ်ဝန်းလုံးတွင် လူကြိုက်များ ကျော်ကြားလျက်ရှိသည်။

အထောက်အကူပြု

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ကုမ္ပဏီနှင့် အဖွဲ့အစည်းများက လုပ်ကိုင်ခွင့်ရရှိကြရာ ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်က ရွာငံမြို့နယ်တွင် လည်းကောင်း၊ ပတ္တမြားနဂါးကုမ္ပဏီက ဆီဆိုင်နှင့် ညောင်ရွှေမြို့နယ်များတွင်လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီက ရွာငံမြို့နယ်တွင် လည်းကောင်း၊ နီလာရိုးမကုမ္ပဏီက ညောင်ရွှေတွင်လည်းကောင်း၊ ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီက ရပ်စောက်မြို့နယ်တွင်လည်းကောင်း၊ စူပါဝမ်းကုမ္ပဏီက တောင်ကြီး၊ ညောင်ရွှေနှင့် ကလောမြို့နယ်များတွင်လည်းကောင်း အသီးသီး ဖော်ထုတ်လုပ်ကိုင်လျက်ရှိကြရာ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ထွက်ကုန်များကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပေသည်။

အားရစရာကောင်း

ဇွန် ၂၄ ရက်က ဟဲဟိုးမှတစ်ဆင့် ဖယ်ခုံသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ခဲ့ရာ လမ်းတလျှောက်မြင်ရသည့် အောင်မြင်ဖြစ်ထွန်းနေသည့် စိုက်ခင်းများက ဆွဲဆောင်မှုအပြည့် မြင်တွေ့ခဲ့ရ၏။ မြင်းထိရွာအနီးမှ အာလူးစိုက်ခင်းများ၊ ဂေါ်ဖီထုပ်နှင့် ဂေါ်ဖီပန်းစိုက်ခင်းများ၊ ပင်လောင်း လက်ဖက်စိုက်ခင်းများ၊ ဖယ်ခုံမြို့နယ်အနီးမှ အစေ့ထုတ်ပြောင်း စိုက်ခင်းများ၏ မြင်ကွင်းတို့သည် ဒေသခံတိုင်းရင်းသားများ၏ စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်မှုကို သက်သေပြလျက်ရှိသည်။ ဖယ်ခုံမြို့နယ်နှင့် ကလောမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား တောင်သူတို့၏ စီးပွားဖြစ်ထွန်းမှုကလည်း အားရစရာကောင်းလှသည်။

ဆွေးနွေးမှာကြား

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်မြင့်သည် အခါအားလျော်စွာ မိမိဒေသအတွင်း ကွင်းဆင်းလှည့်လည်၍ ဒေသခံတောင်သူလယ်သမားနှင့်တွေ့ဆုံကာ စပါးမျိုးကောင်းများကို စနစ်တကျကြိုးတန်း၍ စိုက်ပျိုးရေး စိုက်နည်းစနစ်မှန်ကန်အောင်ဆောင်ရွက်ကြရေး၊ သီးနှံအလိုက် အထွက်တိုး အထွက်ကောင်းမျိုးများသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို ပေါင်းစပ်၍ သုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

ယခုအခါ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရွှေရင်အေးမျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်နေပြီဖြစ်သည့်အတွက် အဓိကသီးနှံများအပါအဝင် သီးနှံ (၁၀)မျိုးကို ဧရိယာ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာပြည်တစ်ဝန်းလုံးမှ အားထားရသော ရှမ်းဒေသထွက် သီးနှံများ အထွက်တိုးရေးနှင့် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေးတို့ကိုလည်း ဒေသခံ တိုင်းရင်းသားများက ကြိုးပမ်းလျက်ရှိသည့် မြင်ကွင်းများက သဘာဝလေနုအေးများနှင့်အတူ ရွှေရင်ကိုအေးမြသွားစေခဲ့ပါသည်။ ။

(မြန်မာ့အလင်း)

ဖယ်ခုံမြို့နယ်၏ အစေ့ထုတ်ပြောင်း စိုက်ခင်း၏ အောင်မြင်မှုကိုလည်း ဤသို့ မျက်ဝါးထင်ထင်တွေ့ခဲ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)

တောတိုက်ဓမ္မရိပ်သာစုပေါင်းဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်(မြောက်ပိုင်းခရိုင်) မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးဘဒ္ဒန္တဓမ္မသာရ အမှူးပြုသည့် ပရိယတ်၊ပဋိပတ်၊ ဝါဆိုသံဃာတော်၂၆၀ကျော်တို့အား ဇူလိုင် ၃၁ ရက် (စနေနေ့) မွန်းလွဲ၂ နာရီတွင် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၌ ဝါဆိုသင်္ကန်းစသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဖုန်း-၆၃၅၄၂၄ နှင့် ၆၃၅၀၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဇွန် ၃၀ ရက်က မြောက်ဥက္ကလာ (၄)ရပ်ကွက်မှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးလှိုင်ဌေးက နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာခွဲ(သန်လျင်)၏ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၂၄ရက် (စနေနေ့)နံနက်၈နာရီခွဲတွင်ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အချိန်မီကြွရောက် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သဲအင်းဂူ တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၄

တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ၄ ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ တပည့်ရင်း အရှင်ပဏ္ဍာဝံသ(မိဂလုံ)သည် အပါယ်လွတ်မြောက် နိဗ္ဗာန်ရောက် ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားစခန်းပွဲကို ဒုတိယဝါဆိုလဆန်း ၉ရက် (ဇူလိုင် ၂၅ရက်)မှဒုတိယဝါဆိုလပြည့်(ဇူလိုင် ၃၁ရက်)အထိ ကျင်းပမည်ဖြစ်ရာ ယောဂီများကိုတင်စာရင်းပေးသွင်းရန်နှင့် အကျိုးတော်ဆောင်အဖွဲ့က အာဟာရဒါန လှူဒါန်းမည်ဖြစ်၍ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မိုးတစ်ကြိမ်နှစ်ကြိမ်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကွန်ပျူတာသင်တန်းများလစဉ်ဖွင့်နေပြီ

Informatics Computer Training Center (Lanmadaw)မှ နိုင်ငံတကာ အဆင့်မီအောင်လက်မှတ်များပေးအပ်နေသော Computerသင်တန်းများ လစဉ်တန်းခွဲသစ်များဖွင့်လှစ်နေပါပြီ။ အခြေခံပညာဖြေဆိုအောင်မြင်ထားသူနှင့် ITနည်းပညာကို စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်သည့် Software Engineeringသင်တန်းကို လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ Software Application Courseများအနေဖြင့် BIT (Basic Information Technology), Office 2003, DTP (Desktop Publishing), Graphic Design, AccPAC, Auto CAD, PC Upgrading & Maintenance နှင့် Programming သင်တန်းများကို အမှတ် ၇၅၄၊ ၁၆လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် (တော်ဝင်အထူးကုဆေးခန်းအနီး)တွင် ဖွင့်လှစ်သင်ကြားနေပါသည်။

ဆောင်းသိဒ္ဓိဆရာတော် ဘဒ္ဒန္တသီလာစာရ ဟောကြားတော်မူသော

ဝစီဗေဒထိတိုင်းရှ

တရားတော် နှင့်

ဒုက္ခလွတ်ကြောင်းတရားကောင်း

ဗီစီဒီတရားတော်များ

ထွက်ပြီ

၂၇-၆-၂၀၀၄ မှ ၁-၇-၂၀၀၄ နေ့အထိကျင်းပပြုလုပ်ခဲ့သော"**ဖောင်းဦးရွက်ကြွေချစ်သင်္ကေတ**" ပဏာမအဆိုပြိုင်ပွဲတွင် ရွေးချယ်ခံခဲ့ရသော အောက်ဖော်ပြပါပြိုင်ပွဲဝင်အဆိုရှင်များသည် ၂၆-၇-၂၀၀၄ (တနင်္လာနေ့)တွင် အလုံမြို့နယ်ရှိ "PIONEER CLUB" သို့ မွန်းလွဲ (၁) နာရီတွင် အကဲဖြတ်ဒိုင်များ၏ အဆုံးအဖြတ်ဖြင့် ဆုရရှိမည်ဖြစ်ပါသဖြင့် အချိန်မီလာရောက်ယှဉ်ပြိုင်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

၁။ မောင်ဇော်မျိုးထိုက်	၆။ မောင်နိုင်ဇော်ထက်	၁၁။ မဝင်းနိုင်ထွေး	၁၆။ မဖြူဖြူနိုင်
၂။ မောင်ဖြိုးသေအောင်	၇။ မောင်သက်နှင်းနိုး	၁၂။ မစင်ဗိုလ်ထွန်း	၁၇။ မခင်ဌေးနွဲ့
၃။ မောင်ငါတူးဆွမ်ကျာအောင်	၈။ မောင်ကျော်သီဟန်	၁၃။ မဒေါ်(သိ)ကျော်နီယန်း	၁၈။ မဖြွယ်စင်ဖြိုး
၄။ မောင်ဖြိုးသေမင်း	၉။ မထက်ထက်ဝင်း	၁၄။ မဟျာအောင်	၁၉။ မထနုံနာညွန့်
၅။ မောင်တင့်လင်းဦး	၁၀။ မစုမွန်နိုင်	၁၅။ မခင်ဥမ္မာအောင်	၂၀။ မောင်ထည့်ထွေး

စီစဉ်သူ - KISS MUSIC VIDEO

အမှတ် ၁၉၈/၂၀၀၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

☎:253313, 282239

မောင်ဘုန်း(Exit) စီစဉ်သည်

အမုန်းများစွာအတွက်

TAPE/CD ထွက်ပြီ

ငယ်ဆွေ၊ အောင်ကောင်းထက်၊ ကျော်သူစိုး၊ မြေပဲယို၊ ညီသူ၊ မောင်ဘုန်း

SP ,9mm, Dinner Flame, ချောစုခင်၊ ရှင်ဖုန်း၊ ရေစက္ကူဝင်း

EXAMPLEZ

တမ်းတမ်းတတ. . . ချစ်ခဲ့လို့ VCD ထွက်ပြီ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ဂျပန်နိုင်ငံရှိ Koshin Limitedသည် မြန်မာနိုင်ငံ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ကြေညာစာချုပ်အမှတ် (၂၁၀၁/၉၆)ဖြင့် အောက်ဖော်ပြပါ Oriental Koshinဟူသော တံဆိပ်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် စာချုပ်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

ORIENTAL KOSHIN

Koshin Limitedသည် အင်ဂျင်ပန့်အမျိုးမျိုးကိုထုတ်လုပ်ပြီး တင်သွင်းခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းစသည်တို့ကို အဆိုပါ Oriental Koshin ဟူသော မှတ်ပုံတင်အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ Tong Tah Company Limitedသည် ဂျပန်နိုင်ငံရှိ Koshin Limited အတွက် Oriental Koshin နှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်နိုင်လောက်သည့် လွှဲစာရကိုယ်စားလှယ်တစ်ဦးဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော ဖြန့်ချိရေးကိုယ်စားလှယ်လည်းဖြစ်ပါသည်။

အဆိုပါ Oriental Koshin ကုန်အမှတ်တံဆိပ်ကို အတုအပပြုလုပ်ရန်ဖြစ်စေ၊ လိမ်ညာလှည့်ဖြားရန်ဖြစ်စေ၊ မိမိ၌ဆောင်ရွက်ခွင့်မရှိဘဲဖြစ်စေ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်သူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမြဟန် B.A (Law), LL.B, D.B.L, D.M.L
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

We are a leading marketing & distribution company and we required well-qualified personals for the positions.

၁။ Division Chief Accountant (ရန်ကုန်) **မ (၂)ဦး**
B.Com, CPA၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိပြီး၊ Computerized Accountingကျွမ်းကျင်ရမည်။ လုပ်ငန်းတစ်ခုလုံး၏ စာရင်းများအား တာဝန်ခံဆောင်ရွက်နိုင်ရမည်။

၂။ Sales & Marketing Manager (ရန်ကုန်) **ကျား/မ (၂)ဦး**
M.B.,B.S, B.D.S, B.V.S, B.Pharm, B.Sc ဘွဲ့ရ။ Sales နှင့် Marketing လုပ်ငန်း အတွေ့အကြုံလုပ်သက်အနည်းဆုံး (၃)နှစ်ရှိရမည်။ ဆေးဝါးလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၃။ Distribution Manager(ရန်ကုန်) **ကျား/မ (၂)ဦး**
ဘွဲ့ရ။ ဖြန့်ချိရေးလုပ်ငန်း လုပ်သက်အနည်းဆုံး(၃)နှစ် ရှိရမည်။ ဆေးဝါးလုပ်ငန်းအတွေ့အကြုံ ရှိသူကို ဦးစားပေးမည်။

၄။ Assistant Sales Manager(ရန်ကုန်) **ကျား/မ (၂)ဦး**
ဘွဲ့ရ။ ဆေးဝါးရောင်းချခြင်းလုပ်ငန်း အတွေ့အကြုံရှိရမည်။ ခရီးသွားလာနိုင်ရမည်။

၅။ Admin Manager (ရန်ကုန်) **ကျား/မ (၁)ဦး**
ဘွဲ့ရ။ လုပ်ငန်းစီမံအုပ်ချုပ်မှု အတွေ့အကြုံရှိရမည်။

၆။ Stock Controller (ရန်ကုန်) **ကျား/မ (၂)ဦး**
ဘွဲ့ရ။ ဆေးဝါးမျိုးစုံ Stockများနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်ရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။

၇။ Accountant(ရန်ကုန်) **ကျား/မ (၃)ဦး**
B .Com, D.A, LCCI III၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။ Computer ကျွမ်းကျင်ရမည်။

၈။ ဂိုထောင်မှူး/လက်ထောက်ဂိုထောင်မှူး(ရန်ကုန်) **ကျား (၂)ဦး**
ဘွဲ့ရ။ သိုလှောင်ရုံ လုပ်ငန်းအတွေ့အကြုံရှိရမည်။

၉။ Cashier(ရန်ကုန်) **မ (၂)ဦး**
ဘွဲ့ရ။ ငွေကြေးကိုင်တွယ်ထိန်းသိမ်းခြင်း အတွေ့အကြုံရှိရမည်။ ငွေကြေးတာဝန်ယူနိုင်ရမည်။

၁၀။ ယာဉ်မောင်း(ရန်ကုန်)
(၂/၃)တန်ကားဖြင့် နယ်ခရီးမောင်းနိုင်သူ **ကျား (၂)ဦး**
ကားသေးမောင်းနိုင်သူ **ကျား (၂)ဦး**

၁၁။ Sales Manager(မန္တလေး) **ကျား (၁)ဦး**
ဘွဲ့ရ။ အင်ဂျင်ဝိုင်အကြောင်းနားလည်၍ ရောင်းချခြင်း၊ ဖြန့်ချိခြင်းလုပ်ငန်းတွင် လုပ်သက်အနည်းဆုံး (၃)နှစ်ရှိရမည်။

၁၂။ Sales Representative (မန္တလေး) **ကျား (၃)ဦး**
ဘွဲ့ရ။ အင်ဂျင်ဝိုင်အကြောင်း နားလည်၍ ရောင်းချ ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် အတွေ့အကြုံရှိရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း မိမိတို့ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ မိမိတို့ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အိမ်လိပ်စာအပြည့်အစုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယား မိတ္တူတို့နှင့်အတူ မိမိလျှောက်ထားလိုသော ရာထူးကို တိကျစွာဖော်ပြ၍ AA Marketing Ltd. စာတိုက်သေတ္တာအမှတ်(၉၀၅) ရန်ကုန်စာတိုက်ကြီး ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်သည်။

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၁၄

ချောက်မြို့နယ် ငွေးပင်ကွက်သစ် ငွေးပင်ကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ အမှတ် (၃၄၇)တွင် ငွေးပင်ကျောင်းဆရာတော် ဦးဇနိန္ဒကြီးမှူး၍ (၄၃)ကြိမ်မြောက် မိုးကုတ် ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ဒုတိယဝါဆိုလဆန်း ၁ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ ဇွဲစုံသာသနာရာမကျောင်းတိုက် ဓမ္မာသန မိုးကုတ်ရိပ်သာကျောင်းမှ သာသနာပြုနယ်လှည့်ဓမ္မကထိက ဆရာတော် ဦးဝိစိတ္တက မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များဟောကြားမည် ဖြစ်ရာ တရားဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒေါ်ပုံမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၄

ဒေါ်ပုံမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၂–၂၀၀၃ ခုနှစ်အတွက် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၁ရက်က ဒေါ်ပုံမြို့နယ်ရဲတပ်ဖွဲ့စခန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အဖွဲ့၏အစီရင်ခံစာကို ကျော်ဇောဟိန်း (ဒေါ်ပုံ)ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းအား မြေလတ်မင်းလွင်ကလည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ၂၀၀၃–၂၀၀၄ခုနှစ်အတွက် နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် မောင်သက်နှင်း(မ/ဥ)၊ မြေလတ်မင်းလွင်၊ သန်းမင်းထိုက်(မြန်မာစာ)တို့အား ထပ်ဆင့်ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ညီလာခံအတွေ့အကြုံကို မြေလတ်မင်းလွင်က ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ဂုဏ်ပြုမှတ်တမ်းလွှာလက်ခံ

ဇူလိုင် ၄ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ပါရမီလမ်းမကြီးရှိ အမှတ်(၁)ဝိုင်းဝံသာပါလ ဆရာတော် ဦးဇဝန အမှူးပြုသော မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် မေဓာဝီလမ်း အမှတ် ၁၆ ချမ်းမြေ့စတိုးနေ ဦးသန်းမောင်–ဒေါ်ငွေကြည် မိသားစုတို့က ရွှာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီးတွင် ဆေးကုသမှုခံနေကြသော လူနာများအတွက် ငွေကျပ်နှစ်သိန်းငါးသောင်းလှူဒါန်းပြီး ညနေစာကျွေးပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာလက်ခံရယူစဉ်။ (က–ပ)

ဇူလိုင် ၁၁ရက်က မင်္ဂလာဒုံမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းအမှတ်(၄)၌ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းနှင့် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (၃၆၃)

အာဟာရဒါန

ဇူလိုင် ၉ရက်က စမ်းချောင်းမြို့နယ် အမက (၁၀)တွင် မွေးနေ့အာဟာရဒါန မိုင်လိုနှင့် ကိတ်မုန့်လှူဒါန်းပွဲ ပြုလုပ်ရာ အလှူရှင် ဦးဝင်းနိုင်–ဒေါ်သီဂီသောင်း၊ သားမောင်ရဲနိုင်ထွန်း Grade III မိသားစုတို့ကတာဝန်ခံဆရာမများနှင့်အတူ လှူဒါန်းတိုက်ကျွေးစဉ်။ (၁၂၉)

၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ဇူလိုင် ၁၁ ရက်ကကျင်းပရာအခြေခံပညာ အထက်တန်းကျောင်းခွဲ အလက(၃) လှိုင်သာယာမြို့နယ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်ဦးဆောင်၍ ကျောင်းသူ ကျောင်းသားများ စုပေါင်း၍ သစ်ပင် စိုက်ပျိုးကြစဉ်။ (က–ပ)

ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်ဖြစ်ပြီ

မက်ဒရစ် ဇူလိုင် ၁၂

ပြီးခဲ့သည့် တနင်္ဂနွေနေ့က ပြုလုပ်သော ရီးရဲမက်ဒရစ်ကလပ်အသင်းဥက္ကဋ္ဌရွေးချယ်ပွဲတွင် ဖရိုရင်တီနိုပီရက်ဇ်က ပြိုင်ဘက်များဖြစ်သည့် ရီးရဲမက်ဒရစ်ဥက္ကဋ္ဌဟောင်းလိုရင်ဇိုဆင့်ဇ်နှင့် ဝင်ရောက်ယှဉ်ပြိုင်သူ အက်တူရိုဘယ်ဒါဆာနိုတို့အပေါ် မဲအပြတ်အသတ်ရရှိကာ အောင်ပွဲခံခဲ့ပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်ဥက္ကဋ္ဌအဖြစ် လေးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် လိုရင်ဇိုဆင့်ဇ်အပေါ် အောင်ပွဲခံနိုင်ခဲ့ခြင်းမှာ မိမိအနေဖြင့် အံ့အားသင့်စရာဖြစ်ရကြောင်း ပီရက်ဇ်က နေ့စဉ်ထုတ်အားကစားစာစောင်ဖြစ်သည့် အေအက်စ်သို့ တနင်္ဂနွေနေ့က ပြောကြားသည်။

မိမိသည် ရီးရဲမက်ဒရစ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်အချိန်ကာလကစ၍ ရီးရဲမက်ဒရစ်အသင်းအား ကမ္ဘာပေါ်တွင် အကောင်းဆုံးဘောလုံးအသင်းဖြစ်အောင် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများကို ခေါ်ယူကာ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပီရက်ဇ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အက်ဂါဒေးဗစ် အင်တာမီလန်မှာ ကစားမည်

ရောမ ဇူလိုင် ၁၂

ဒတ်ချ်ကွင်းလယ်ကစားသမား အက်ဂါဒေးဗစ်သည် အင်တာမီလန်တွင် ကစားရန် ဆက်သွယ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းကလပ်က တနင်္ဂနွေနေ့တွင် ကြေညာသည်။

အသက် (၃၁)နှစ်အရွယ်ရှိ အဆိုပါဘောလုံးသမားသည် ပြီးခဲ့သော ဘောလုံးရာသီက ဘာစီလိုနာနှင့် စာချုပ်ကုန်ဆုံးသွားပြီးနောက် စီးရီးအေအသင်းနှင့် သုံးနှစ်စာချုပ်ခဲ့သည်။ အင်တာမီလန်သည် ၁၉၈၉ခုနှစ်က စီးရီးအေ ဖလားရခဲ့သလို ကြိုးပမ်းမှုအဖြစ် အာဂျင်တီးနား ကွင်းလယ်ကစားသမား ဗီရွန်၊ ဘိုကာဂျူ နီယာနောက်တန်းလူ ဗာဒစ်ဆိုတို့ကိုလည်း ထပ်မံအားဖြည့်ထားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာတစ်လွှားအားကစား

အသက် ၁၀၀ရှိ တောင်အာဖရိကလူမျိုးအဘိုးအို ကမ္ဘာ့အမြန်ဆုံးလမ်းလျှောက်သူအဖြစ် ဂင်းနစ်မှတ်တမ်းဝင်

ကိတ်တောင်း ဇူလိုင် ၁၂

တောင်အာဖရိကမှ ဖီးလစ်ရာဘင်နိုဝစ်ဇ်ဆိုသူသည် စနေနေ့က အသက် ၁၀၀ရှိ ကမ္ဘာ့အမြန်ဆုံး လမ်းလျှောက်သူ ပုဂ္ဂိုလ်ဖြစ်လာသည်။ ၎င်းသည် အဘိုးအဘွားများ၏ မီတာ ၁၀၀လမ်းလျှောက်ပြိုင်ပွဲတွင် မူလက စံချိန်တင်ထားသော မှတ်တမ်းထက် ငါးစက္ကန့်ကျော် လျှော့ချနိုင်ခဲ့သည်။

"အိုး ...အံ့သြစရာကောင်းတာကိုတွေ့ရပြီး၊ လုံးဝအံ့သြစရာပါပဲ"ဟု ယခင်က သြစတြီးယားလူမျိုး အာဝင်းဂျက်စကာစကီ စံချိန်တင်ထားသော ၃၆ ဒသမ ၁၉ကို စံချိန်ချိုးကာ ၃၀ ဒသမ ၈၆စက္ကန့်ဖြင့် ပန်းဝင်လာပြီးနောက် ရာဘင်ဒိုဝစ်ဇ်က ပြောကြားသည်။

လူပေါင်း၅၀ခန့်က ရာဘင်နိုဝစ်ဇ်၏ ပန်းဝင်လာမှုကို မှတ်တမ်းတင်ရန် ကိတ်တောင်းမြို့ရှိဂရင်းပွိုင့်အားကစားကွင်း၌ ရောက်ရှိနေကြသည်။

"မိမိသည် အချိန်ဘယ်လောက်ကြာသည်ကိုမသိတော့ကြောင်း၊ အချိန်တိုင်းမှာ သွားနေကြောင်း၊ မိမိတင်ထားသော စံချိန်ကို ချိုးခဲ့ကြောင်း၊ ပို၍ပို၍ ငယ်လာသည်ဟု ထင်ရကြောင်း" ၎င်း၏ နည်းပြက ၎င်းအား သွေးခုန်နှုန်းကိုစစ်ဆေးစဉ် ရာဘင်နိုဝစ်ဇ်က ပြောကြားသည်။

တောင်အာဖရိက အားကစားတာဝန်ရှိသူများသည် ၎င်း၏ ပန်းဝင်လာချိန်ကိုမှတ်ရန် လျှပ်စစ်အချိန်မှတ်ချက်များကို အသုံးပြုခဲ့သည်။ ၎င်းသည် ကမ္ဘာ့အသက်အကြီးဆုံး လမ်းလျှောက်သူအဖြစ် ဂင်းနစ်ကမ္ဘာ့မှတ်တမ်းစာအုပ်၌ စာရင်းဝင်သွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အင်္ဂလန်နည်းပြအဲရစ်ဆင် ဆွီဒင်နည်းပြဖြစ်လိုဟုဆို

ဘတ်စတင်း(ဆွီဒင်) ဇူလိုင် ၁၂

အင်္ဂလန်နည်းပြ ဆဗင်ဂိုရန်အဲရစ်ဆင်က အနာဂတ်တွင် သူ၏ဆွီဒင် မွေးရပ်မြေ၌ နည်းပြလုပ်ရန် စိတ်ဝင်စားသည်ဟု ဆွီဒင်သတင်းစာဖြစ်သည့် အတ်ဖ်တွန်ဘလာဒက်က တနင်္ဂနွေနေ့၌ ဖော်ပြသည်။

ဆွီဒင်နိုင်ငံတောင်ပိုင်း ဘတ်စတင်းရှိ အစည်းအဝေးတစ်ရပ်၌ အဲရစ်ဆင်အား ဆွီဒင်နည်းပြအဖြစ် လုပ်ရန် ဆန္ဒရှိပါသလားဟု မေးမြန်းရာတွင် ဆွီဒင်နည်းပြအဖြစ်လုပ်လိုကြောင်း ၎င်းက ပြန်လည် ဖြေကြားသည်။

အဲရစ်ဆင်နှင့် အင်္ဂလန် စာချုပ်မှာ ၂၀၀၈ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။

အင်္ဂလန်သည် အရှုံးသုံးပွဲနှင့်ရင်ဆိုင်ခဲ့ရသည်။ ယင်းတို့မှာ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ဘရာဇီးကိုနှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးသည့်ပွဲ၊ ယူရို ၂၀၀၄အုပ်စု(ခ)တွင် ပြင်သစ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးသည့်ပွဲ၊ ယူရို ၂၀၀၄ ကွာတားဖိုင်နယ်တွင် ပေါ်တူဂီကို ပယ်နယ်တီဖြင့် ရှုံးသည့်ပွဲများပင်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

ဆွစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖီဒါရာဗိုလ်စွဲ

ဂတ်စ်တက် ဇူလိုင် ၁၂

ဆွစ်ဇာလန်နိုင်ငံတွင် တနင်္ဂနွေနေ့က ကျင်းပသော ဆွစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ဝင်ဘယ်ဒန်ချန်ပီယံဖြစ်သည့် ရိုဂါဖီဒါရာက အိုင်ဂေါအင်ဒရာကို ၆–၂၊ ၆–၃၊ ၅–၇၊ ၆–၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားပြီ ဖြစ်သည်။

ဒုတိယမြောက်အောင်ပွဲ

ယခုပွဲကို အနိုင်ရရှိခဲ့ခြင်းသည် ဖီဒါရာအတွက် ဒုတိယမြောက်အောင်ပွဲဖြစ်ပြီး လွန်ခဲ့သည့်သီတင်းပတ် တနင်္ဂနွေနေ့က ဝင်ဘယ်ဒန်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမေရိကန်မှ အင်ဒီရော့ဒစ်အား အနိုင်ရရှိခဲ့ပြီးနောက် သီတင်းတစ်ပတ်တွင်း ဒုတိယအကြိမ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသား ဖီဒါရာသည် မိမိနိုင်ငံ မိမိပရိသတ်ရှေ့မှောက်တွင် ပထမဆုံးအကြိမ် အောင်ပွဲခံခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

ဆင်ဖြူကျွန်း အပါယ်ပိတ်ရှေးဟောင်းစေတီထီးတော်တင်

ဆင်ဖြူကျွန်း ဇူလိုင် ၈

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ရွာသစ်ရွာ သမိုင်းဝင်တိလောကမာရဇိန် ပုထိုးစုရှိ အပါယ်ပိတ် ရှေးဟောင်းစေတီ ထီးတော်တင်ပွဲကို ဇူလိုင်၃ရက်က ကျင်းပသည်။

ကုန်းဘောင်ခေတ်ဦးတည် စေတီပုံနှင့် ဆင်းတုတော်ပုံများဖြင့် ထူးခြားသည့်အပါယ်ပိတ် ဘုရား**(ဝဲပုံ)**ကို ဖိနပ်ခုံးတော်နှင့်တကွ ထောင့်ရှစ်ထောင့် ဘေးမြှောင့်စွန်းခုံများ၊ နယားရုပ်လှေကားများ၊ ပစ္စယာအလယ်ဆင့် လေးမျက်နှာ မုခ်များနှင့် ယင်းတို့၏ ဘေးတစ်ဖက်စီရှိ မုခ်ငယ်များ၊ မုခ်အသီးသီးရှိ ထက်ဝယ်ဖွဲ့ခွေ မတ်ရုပ်တော်၊ ခြေထောက်နှစ်ဖက်ချ လျောင်းတော်မူစသည့် တစ်ဆူချင်းသီးခြား ကိုယ်ဟန်၊ သီးခြားမုဒြာ၊ သီးခြားအာသန၊ ဗုဒ္ဓဆင်းတုတော်များ၊ အထက်ပစ္စယာရှိ ကလသာအိုးများ၊ အရံစေတီငယ်များ၊ မုခ်ထွတ်ပြာသာဒ်များကို လိုအပ်သမျှသာ ရှေးလက်ရာမပျက် ထိန်းသိမ်းမွမ်းမံ၍ ပင်မစေတီ၊ အရံစေတီများနှင့် ပြာသာဒ်ထွတ်များ၌ ထီးတော်ကိုးလက်တင်လှူသည်။ ပထမ ဝါဆိုလပြည့်ကျော်၂ရက် နံနက်၈နာရီက မဏ္ဍပ်တွင် မဟာဝိသုတာရာမတိုက် ဆရာတော် သီရိပဝရအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဇောတနှင့် သံဃာတော်များက အနေကဇာတင်ပြီး ထီးတော်များကို လက်ဆင့်ကမ်းတင်လှူကာ လပြည့်ကျော် ၃ရက် နံနက် ၉နာရီတွင် လှူဒါန်းမှု အစုစုအတွက် အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ်သတင်းများ

စပေါင်းသစ်ပင်စိုက်ပျိုး

ဇူလိုင် ၂ရက်က သာပေါင်းမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ မြို့အဝင် ကားလမ်းဘေးတစ်လျှောက် စပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးတို့ စပေါင်း သစ်ပင်စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေး မင်းဘူး၌ ညှိနှိုင်းစည်းဝေး

မင်းဘူး(စကု) ဇူလိုင် ၅

မင်းဘူး(စကု)မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေး အကြိုညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁ရက် မွန်းလွဲ ၁ နာရီက မြို့လယ် ပုညရှင်ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်လတ် (ထက်ကောင်းလတ်-မင်းဘူး)နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အကြို ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေး အကြံပြုချက်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ဆက်လက်တင်ပြပြီး စာဆိုတော်ရာသီအမီ ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၃၄၈)**

ကချင်ပြည်နယ် ဗန်းမော်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဗန်းမော်မြို့ ရေရှင်ပရဟိတကျောင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဇူလိုင် ၈ရက်က ပေးအပ်စဉ်။ (မြို့နယ်လဝက)

လှည်းကူးမြို့နယ် မရမ်းချောင်းကျေးရွာအုပ်စုမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ကျေးရွာအုပ်စု အလယ်တန်းကျောင်းတွင် ဇွန် ၃၀ ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးက ကျေးရွာဥက္ကဋ္ဌသို့ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

လားရှိုးကိုယ်ပွား၏အကျိုး သတင်းစာနေ့ချင်းဖတ်ရ

ကျောက်မဲ ဇွန် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် ယခင်က မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများကို မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက်မှ မြန်မာမီးရထားဖြင့် တင်ပို့ရာ တစ်ရက်နောက်ကျ၍ ဖတ်ရှုရရာမှ ဇွန် ၂၀ရက်မှ စ၍ လားရှိုးမြို့ ကိုယ်ပွားသတင်းစာတိုက်မှ ဖြန့်ချိရာ လားရှိုး-ကျောက်မဲ ကားစိမ်းဖြင့် နေ့ချင်း ရောက်ပြီး သတင်းစာသားများ၊ သတင်း ဓာတ်ပုံများ သပ်ရပ် ကောင်းမွန်စွာ ဖတ်ရှုရသဖြင့် သတင်းစာ လပေးဖတ်သူပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက် ကျေးရွာများမှ ပြည်သူများ စိတ်ချမ်းမြေ့လျက်ရှိကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

တောင်ငူမြို့ မော်တော်ယာဉ်ကြီးအသင်း သင်းလုံးကျွတ်စည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

တောင်ငူ ဇူလိုင် ၁၃

တောင်ငူမြို့နယ် မော်တော်ယာဉ်ကြီးအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက်က တောင်ငူမြို့ ကေတုရတနာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တောင်ငူခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်က အမှာစကားပြောကြားပြီး**(အောက်ပုံ)** အသင်း၏ ငွေစာရင်း ရှင်းတမ်းကို မော်တော်ယာဉ်ကြီးအသင်းဥက္ကဋ္ဌ ဦးစိန်မိုးက ဖတ်ကြားတင်သွင်းရာ အဖွဲ့က အတည်ပြုကြသည်။

ရွေးချယ်

ဆက်လက်၍ အလုပ်အမှုဆောင် အဖွဲ့ဝင်သစ်ကို ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌဦးပြုံးချို၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်ဆွေ၊ အတွင်းရေးမှူးဦးသက်လွင်၊ တွဲဖက်အတွင်းရေးမှူးဦးသာအောင်(ခ) ဦးအပုတီး၊ ဘဏ္ဍာရေးမှူး ဦးပါလေး၊ စာရင်းစစ် ဦးစိန်မိုးနှင့် အမှုဆောင် ဦးအောင်ရင်တို့ပါဝင်သော အဖွဲ့ကို ရွေးချယ်ကြောင်း သိရသည်။ **(၃၀၃)**

ဇွန် ၁၉ ရက်ကတနိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ငွေနှင့် ဝတ်စုံပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးနေအောင်က ပညာသင်စရိတ်ထောက်ပံ့ငွေနှင့်ကျောင်းသုံးစာအုပ်များ ပေးအပ်စဉ်။ (က-ပ)

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှအမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့်အဖွဲ့ဝန်ထမ်းများက မြို့နယ်စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးလျက်ရှိရာ ဇွန် ၂၇ရက်က နမ့်စန်မြို့အထွက် နမ့်စန်-လွိုင်လင် ကားလမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (၃၆၁)

ဇွန် ၁၉ ရက်က ကျုံပျော်မြို့ ပင်လုံရပ်ကွက် အသောကာရာမ ဘုန်းကြီးကျောင်းလမ်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်မှ ပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံခြားစက္ကူ(၆)မျိုး ဝယ်ယူလိုခြင်း

စဉ်	ပစ္စည်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်နေရာ
၁	၂	၃	၄
၁။	Art Paper (85) gsm (31" x 43") (၂၅၀) ရွက်ပါ	၉၀၃-ထုပ် (အထုပ်ကိုးရာသုံးတိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၄၀၀ ထုပ် အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) = ၃ ထုပ် (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) အလှကုန်ပစ္စည်းစက်ရုံ = ၃၀ ထုပ် ဆပ်ပြာစက်ရုံအမှတ်(၁) = ၂၇၀ ထုပ် ဆပ်ပြာစက်ရုံ (မန္တလေး) = ၄၀ ထုပ် ဆပ်ပြာစက်ရုံ (မကွေး) = ၁၂၀ ထုပ် ဆပ်ပြာစက်ရုံ (ရမည်းသင်း) = ၄၀ ထုပ် (ဆပ်ပြာစက်ရုံ အမှတ်(၁)တွင် ပေးသွင်းရန်)
၂။	Foreign Duplex Board (270)gsm (31"x43") (၁၀၀)ရွက်ပါ	၂၄၇၀-ထုပ် (အထုပ်နှစ်ထောင်လေးရာခုနစ်ဆယ်တိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၁၀၀၀ထုပ် အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) = ၄၆၀ထုပ် (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) အလှကုန်ပစ္စည်းစက်ရုံ = ၆၅၀ ထုပ် ဆပ်ပြာစက်ရုံအမှတ်(၁) = ၃၀၀ ထုပ် ဆပ်ပြာစက်ရုံ (မန္တလေး) = ၂၀ ထုပ် ဆပ်ပြာစက်ရုံ (မကွေး) = ၂၀ ထုပ် ဆပ်ပြာစက်ရုံ (ရမည်းသင်း) = ၂၀ ထုပ် (ဆပ်ပြာစက်ရုံ အမှတ်(၁)တွင် ပေးသွင်းရန်)
၃။	Sticker Paper (21"x30") (၁၀၀)ရွက်ပါ	၂၀၀ ထုပ် (အထုပ်နှစ်ရာတိတိ)	အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) = ၂၀၀ထုပ် (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်)
၄။	Wood Free Printing Paper (60)gsm (31"x43") (၅၀၀) ရွက်ပါ	၂၂၀ ထုပ် (အထုပ်နှစ်ရာနှစ်ဆယ်တိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၂၀ထုပ် အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) = ၂၀၀ ထုပ် (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်)
၅။	Foreign Printing Paper (50) gsm (31"x 43") (၅၀၀) ရွက်ပါ (က) White (ခ) Pink (ဂ) Blue (ဃ) Yellow	 ၁၀ထုပ်(အထုပ်တစ်ဆယ်တိတိ) ၅ ထုပ် (ငါးထုပ်တိတိ) ၅ ထုပ် (ငါးထုပ်တိတိ) ၅ ထုပ် (ငါးထုပ်တိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၂၅ ထုပ်
၆။	Glazes Transparent Paper (30"x40")	၁၀၀ ထုပ် (အထုပ်တစ်ရာတိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ = ၁၀၀ ထုပ်

တင်ဒါပိတ်ရက်။ ၂၀-၇-၂၀၀၄ အင်္ဂါနေ့ မွန်းလွဲ ၁၄း၀၀နာရီ

မှတ်ချက်။ အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်-၆၆၃၄၈၁)

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

(၂၃) နှစ်ပြည့်မင်္ဂလာဆုတောင်း

ဦးကိုကိုထွေး ([illegible])
ဥက္ကဋ္ဌ တော်ဝင်မိသားစုကုမ္ပဏီ
+
ဒေါ်ခင်အေးအေးသန်း (ဒါရိုက်တာ တော်ဝင်မိသားစုကုမ္ပဏီ)
တို့၏

(၂၃) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ချစ်သားသမီးများ၊ ချစ်မြေးနှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့သာယာစွာဖြင့် ဘဝခရီးမှာ အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

ချစ်သမီးကြီး - မောင်မျိုးဇော်ထွန်း+မဝတ်ရည်ထွေး
ချစ်သမီးငယ် - မသီရိထွေး
ချစ်မြေးလေး - မခေတ်နိုင်မျိုး

ယာဉ်မောင်းတကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကြီးမှူးသည့်

ရွှေမြင်သာအခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် ၂၀/၂၀၀၄ကို ၂၀၀၄ခုနှစ် ဩဂုတ်လ ၄ရက်နေ့တွင် ဖွင့်လှစ်ပါမည်။

- ◆ စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
- ◆ ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ်(၂) လမ်းမကြီးတွင် ဖွင့်လှစ်မည်။
- ◆ သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်း မြင်သာရုံးမှတစ်ဆင့် ကြို/ပို့ယာဉ်များစီစဉ်ပေးမည်။
- ◆ နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေး အခမဲ့စီစဉ်ပေးမည်။
- ◆ သင်တန်းတက်ရောက်လိုသူများ ၂-၈-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။
- ◆ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အချိန်မီလျှောက်ထားရန်နှင့် လူပြည့်ပါက နောက်သင်တန်းအတွက် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။
- ◆ **ဆက်သွယ်စာရင်းပေးရန်လိပ်စာ**
  ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊
  ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
  သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့
  ဖုန်း-၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇။

အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်ထံသို့ အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေ အမိန့်-၄၁၊ နည်းဥပဒေ-၁၄ နှင့်ပုဒ်မ ၁၁၅)

တရားရုံးချုပ်၊ ရန်ကုန်မြို့
၂၀၀၄ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၂၈၂

ဦးခင်မောင်စိုး နှင့် ဒေါ်ဥမ္မာအောင်(ခ)မီးမီးပါ-၈

အယူခံတရားလို
အယူခံတရားပြိုင်များ

၂၀၀၄ ခုနှစ် ဧပြီလ ၈ ရက်၊ နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှု အမှတ်၁၇/၂၀၀၂၏ ဒီကရီမှ အယူခံမှုလျှောက်လွှာနှင့်ပတ်သက်၍ အမှတ် ၂၇၇၊ ဝါရှောင်လမ်း၊ ၄၅ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့နေ အယူခံတရားပြိုင် ဦးအောင်သန့်ဇင် (ခ) ပေါက်ပေါက် သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ ဒီကရီမှ အယူခံလျှောက်လွှာ တစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးမင်းရှင်နှင့် ဦးထွန်းအေးကြည်တို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံမှုလျှောက်လွှာကို ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားရုံးချုပ် ရှေ့နေက ဖြစ်စေ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်က ဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-
ဒေါ်စုငယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာနခွဲ-၃၊ ဌာနစု-၄ တရားရုံးချုပ်၊ ရန်ကုန်မြို့။

ကိုတ္တိမသားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ ကိုတ္တိမသားသမီးများဖြစ်ကြသော (၁)ကိုစိုးမြင့် ၁၀/ကမယ(နိုင်)၀၀၈၀၁၆၊ (၂)မမီမီကျော်စိုး ၁၂/သဃက(နိုင်) ၀၁၃၇၃၅၊ (၃)မသန်းသန်းဌေး အက်စ်စီဂျီ-၀၀၆၀၈၆၊ (၄) ကိုလင်းမောင်သော ပီအိုင်ဂျီ-၀၁၄၀၈၀ တို့သည် ကျွန်မအား စိတ်အနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ်ဆန့်ကျင်ပြုမူ လုပ်ဆောင်နေကြသဖြင့် ယနေ့မှစ၍ ၎င်းတို့ အား ကိုတ္တိမသားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်း(စီအိုင်-၀၃၈၁၉၉)
အမှတ် ၁၅/အေ၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊
စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၉၀၄၅ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၇၄၈၉၂ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာ ပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးအမှု အမှတ် ၂၈

၁။ ဦးဘစန်း၊ ပြည်တော်သာရပ်၊ ပင်ရွာ၊ သံဖြူဇရပ်မြို့နယ်။ နှင့် ၁။ မရင်စိန်၊ ၂။ မခင်သန်း၊ ၃။ မောင်စံသိန်း၊ ၄။ မောင်ပန်း၊ ၅။ ဦးမောင်ပု၊ ၆။ မောင်ပဒါ၊ ၇။ မောင်ဖျိုင်း၊ ၈။ မောင်မြိုင်၊ ၉။ မခင်သီ ပြည်တော်သာရပ်၊ ပင်ရွာ၊ သံဖြူဇရပ်မြို့နယ်။

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်အမှတ်(၄) မောင်ပန်းနှင့် တရားပြိုင်အမှတ်(၇) မောင်ဖျိုင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘစန်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၂ ရက် (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်နုတ်၍ တစ်ဖက်သတ်စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်စိုးအောင်

အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာသန်းသန်းအေး ၁၂/ကတတ (နိုင်) ၀၁၅၈၁၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ၏ငွေဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီး ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ ခြံအမှတ် (၂၆)၊ တိုက် (၂/ဃ)ရှိ (၅)လွှာနှင့် (၆)လွှာ(ဟောင်ကောင်ပုံစံ)အား ဒေါက်တာသန်းသန်းအေး၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ လွှဲဒါန်းခြင်း၊ အမည်ပြောင်းခြင်း အပါအဝင် အကျိုးထိခိုက်နစ်နာစေမှု တစ်စုံတစ်ရာကို မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးကျော်မြင့်
တရားရုံးချုပ်ရှေ့နေ (စဉ်-၂၁၃၃)
အခန်း ၂၁၊ တိုက် ၅၅၊
ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၁ ဘီ၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၄၆၀ ဧရိယာ ၀ ဒသမ ၀၂၇၈ဧကရှိ(အစိုးရမြေ)၊ အမှတ် ၄၂၊ ၁၂၀လမ်း ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဦးအီဇာဂျီ(ခ)ကိုကိုလေး၊ ဦးမိုဟာမက်အလီအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း) ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရန်ကုန်မြို့။

မြဝတီဘဏ်လီမိတက် (ရုံးချုပ်)

အငယ်တန်းစာရေး၊ လက်ထောက်ငွေကိုင်ရာထူးရေးဖြေစာမေးပွဲဖြေဆိုခွင့် ရရှိသည့်စာရင်းနှင့်စာမေးပွဲစစ်ဆေးမည့်နေရာ ကြေညာခြင်း။

မြဝတီဘဏ်လီမိတက် (ရုံးချုပ်)အတွက် ခေါ်ယူထားသော အငယ်တန်းစာရေး၊ လက်ထောက်ငွေကိုင်ရာထူးရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၁ရက် တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ရာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်များကို နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မြဝတီဘဏ် (ရုံးချုပ်)၌ ကျင်းပမည် ဖြစ်သည်။

သတ်မှတ်အရည်အချင်းနှင့် ပြည့်မီပြီး ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ စာရင်းကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် မြဝတီဘဏ်(ရုံးချုပ်)နှင့် ဘုရင့်နောင်ဘဏ်ခွဲတို့တွင် ကြေညာမည် ဖြစ်သည်။

စာမေးပွဲဖြေဆိုရမည့်ခုံအမှတ်များကို ၂၀၀၄ခုနှစ် ဇူလိုင်လ၂၁ရက်မှ၂၇ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် သတင်းပို့ထုတ်ယူရမည်ဖြစ်သည်။

စာမေးပွဲလာရောက်ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုရမည့်နေ့တွင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊ ပညာအရည်အချင်း အောင်လက်မှတ်မူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်းနှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို တစ်ပါးတည်းယူဆောင်လာရမည်။ စာမေးပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြဝတီဘဏ်လီမိတက် (ရုံးချုပ်) တယ်လီဖုန်းအမှတ်-၃၇၀၅၅၈၊ ၃၇၀၅၆၀၊ ၃၈၀၇၀၃၊ ၃၇၀၅၆၅သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် ညနေပိုင်းမဟာဘွဲ့(Executive Level)သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့ (Executive Level) သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA-Evening) (ညနေပိုင်း)အမှတ်စဉ်(၃)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA-Evening) (ညနေပိုင်း)အမှတ်စဉ်(၃)
(ဂ) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (MDevS-Evening) (ညနေပိုင်း)အမှတ်စဉ်(၂)

၂။ အဆိုပါ မဟာဘွဲ့ (Executive Level)သင်တန်းများအတွက် အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိလုပ်သက်ရှစ်နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level လုပ်သက်ရှစ်နှစ်ရှိရမည်။
(ဃ) ၁-၆-၂၀၀၄ရက်နေ့တွင် အသက်(၃၀)ပြည့်ပြီးသူ ဖြစ်ရမည်။
(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်း တက်ရောက်နေသူမဖြစ်စေရ။
(စ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသောအချိန်အတိုင်းပြည့်မီစွာ တက်ရောက်နိုင်ရမည်။

၃။ သတ်မှတ်လျှောက်လွှာပုံစံနှင့်သင်တန်းဆိုင်ရာ စာရွက်စာတမ်းများကို အမ်ဘီအေ (ညနေပိုင်း)သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)ရှိ စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြား)၊ အမ်ပီအေ(ညနေပိုင်း)သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)ရှိ အသုံးချဘောဂဗေဒဌာန(အခန်း-၁၁၂)၊ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(ညနေပိုင်း) သင်တန်းအတွက် ရန်ကုန်စီးပွားရေး တက္ကသိုလ်(ကမာရွတ်)ရှိ ဘောဂဗေဒဌာန(အခန်း-၁၀၆)တို့တွင် ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့)မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာများကို ၆-၈-၂၀၀၄ရက်(သောကြာနေ့) နောက်ဆုံးထား၍ အဆိုပါဌာနများ၌ပင် လာရောက်လျှောက်ထားနိုင်ပါသည်။ နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လုံးဝလက်ခံမည်မဟုတ်ပါ။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၄-၈-၂၀၀၄ရက်(စနေနေ့)တွင် ကျင်းပပါမည်။

၆။ သင်တန်းနှင့် ပတ်သက်၍ ဖုန်း-၆၆၄၆၈၄၊ ၆၆၀၈၂၂၊ ၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၅၉၁၄၁၅၊ ၅၉၁၄၁၆ တို့တွင် စုံစမ်းနိုင်ပါသည်။

တင်အောင်(မော်ကွန်းထိန်းအဆင့်-၁)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဏ/၄၆၂၁ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာ ပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်းကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၆၅၄၂ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

လူပျောက်ကြော်ငြာ

ကျွန်တော်၏ ဇနီးဖြစ်သူ (ဘ) ဦးစော၏သမီး မခင်ပြုံးကြည် ၇/ကမက(နိုင်) ၀၃၅၄၆၉ အရပ်ရှည်၊ အသားလတ်၊ ဆံပင်ရှည်၊ မျက်နှာသွယ်၊ နဖူးကျယ်သည် ယခုနှစ် ၅ လပိုင်း ၂၇ ရက်က ပြည်မြို့သို့ သွားရောက်စဉ် ပျောက်ဆုံးနေပါ၍ တွေ့ရှိကအကြောင်းကြားပါ။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူပါမည်။

ကိုစိုးဦး
အမှတ် ၇၂၊ လမ်းရှည်လမ်း၊
ရွှေကူရပ်၊ ပြည်မြို့၊
ဖုန်း-၀၅၃-၂၁၀၃၆။

အမည်ပြောင်း

မြစ်ခြေ အထက၊ ပဉ္စမတန်း(က) မှ အဖ ဦးမြင့်ထွန်း၏ သမီး မသရဖီထွန်းအား မဆုရည်နန္ဒာဟု ပြောင်းလဲခေါ်ပါရန်။

မဆုရည်နန္ဒာ။

အမည်ပြောင်း

ဦးမောင်သန်းယိုင်၏ သမီး ကျောက်ဖြူမြို့ အထက(၂) နဝမတန်း (B) မှ မရီရီနွယ်အား မလင်းမြတ်ဝင့်ထယ်ဟု ပြောင်းလဲခေါ်ပါရန်။

မလင်းမြတ်ဝင့်ထယ်။

အမည်မှန်

တောင်ငူမြို့ ၁၃/၂ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ဦးသိန်းမောင်၏သား ဦးအိုက်ကြီး ၇/တငန(နိုင်) ၀၉၈၇၅၇ (ခ) ဦးစိုးဟန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုးဟန်(တောင်ငူ)**

ကျေးဇူးဆပ်ပါမည်

မြန်မာနိုင်ငံကူးလက်မှတ် အမှတ် ၅၃၄၃၄၄ နှင့် ၂၁၉၈၅၁ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဒေါ်စီစီဝင်း**
ဖုန်း-၆၆၂၅၂၈

ဂျစ်ကားရောင်းမည်

M38 အနိမ့်၊ Pajero
ပတ်လည်၊ ဒီဇယ်
ရန်ကုန်လိုင်စင်၊ လက်တင်စီး၊
ဇ/၅ ထောင်ကျော်
ဖုန်း-၅၇၈၅၃၁၊ ၀၉-၅၀-၂၁၄၄၂

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၁၃၃၀၂ လက်ဝယ်ရှိသူက မှတ်ပုံတင်ခွင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများသည် ရက်(၃၀)အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှေ့တန်းရုံး(တာချီလိတ်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ရှေ့တန်းရုံး(တာချီလိတ်)။

ခွေးရောင်းရန်

Old English Mastiff
အဖြစ် လူသိများသော
ခွေးကြီးမျိုး Mastiff (Import)
အထီး၊ အမမှ ပေါက်သော
(၂)လခွဲသားပေါက်လေးများနှင့်
(၆)လသား Rottweiler
နှစ်ကောင် ရောင်းရန်ရှိသည်။
အမှတ်-၁၁၉၆၊ ခ/၁-လမ်း၊
မြို့သစ်၊ အင်းစိန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရတနာပုံတက္ကသိုလ် ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော လားရှိုးဒီဂရီ ကောလိပ်၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သောနောက်ဆုံးနှစ် (၁၉၉၇ အောင်) ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဘွဲ့ကြိုပေါင်းစပ် ဘာသာရပ်(ဘွဲ့)ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများ အပါအဝင်) အတွက် စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ ဝယ်ယူဖြည့်စွက်ပြီး ၆-၇-၂၀၀၄ ရက်နေ့မှ ၅-၈-၂၀၀၄ ရက်နေ့အထိ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ၂ လက်မxတစ်လက်မခွဲ ဓာတ်ပုံ (၃)ပုံနှင့်အတူ လျှောက်ထား တင်သွင်းနိုင်ကြပါသည်။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် ၁၅၀၀ိ/-ဖြစ်ပြီး၊ အဝေးရောက် ဘွဲ့ယူသူများအတွက် ၁၀၀၀ိ/-ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးများကို ရတနာပုံတက္ကသိုလ် ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာဖြင့်ဖြစ်စေ ပေးသွင်းနိုင်ကြပါသည်။

၄။ စာတိုက်မှပေးပို့သည့်အခါ ငွေပို့လွှာတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံ ကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့်ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

ဝင်းမောင်
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်။

မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း

ပြည်မြို့ ရှာဘဲရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၇၇၇နေ ဦးတင်ဝင်း (တိ၊ မွေး၊ ကု ဦးစီးဌာန) ပေါင်းတည်- ဒေါ်တင်တင်ယု (မြို့နယ်စာရင်းစစ်၊ပြည်)တို့၏သား

ဗိုလ်ကြီးသန့်ဇင်ဝင်း တဗ (၂၄)

Second Year (History) နှင့်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၁ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ အမှတ် ၅ နေ ဦးခင်ရွှေ (S.A.E အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့ပြ)- ဒေါ်စုစုနိုင်တို့၏သမီးဦး

မချောစုမြတ် B.Sc (Chemistry)

E.G.T.I(EP), Dip C.Sc, B.C.Sc (Second Year)

အီလက်ထရွန်နစ်ကျွမ်းကျင်(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

တို့သည် ၅-၆-၂၀၀၄ရက် စနေနေ့တွင် ဇမ္ဗူထိန်လင်းကျောင်း (ရန်ကုန်)၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် မင်္ဂလာဦးဆွမ်းကျွေး ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသန့်ဇင်ဝင်း-မချောစုမြတ်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးလှိုင်ဘွား (မန်နေဂျာ၊ ကုန်သွယ်လယ်ယာ၊ ငြိမ်း)- (ဒေါ်ခင်လှ) တို့၏ သားငယ်

မောင်အောင်လှိုင်ဘွား Final Year (Physics)

HANSEATIC SHIPPING နှင့်

ရန်ကုန်မြို့နေ ဦးတင်လှိုင်(ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ရန်ကုန်တိုင်း)-ဒေါ်ကွန်ချစ်ချစ် (အထပြ-ငြိမ်း) (မြရတနာကျောက်မျက်)တို့၏ တစ်ဦးတည်းသောသမီး

မသဲစုလှိုင် B.B.A (Y.I.E)

IDCS (NCC,UK), DA (LCCI, UK)

တို့သည် ၁၁-၇-၂၀၀၄ ရက်တွင် အမှတ် ၁၀၂၊ ဒုတိယထပ်၊ ၃၉ လမ်း နေအိမ်၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်လှိုင်ဘွား-မသဲစုလှိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်ထူးအောင်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် ၅၀၂၈၈၄ သည် ၁၂-၇-၂၀၀၄ ရက်တွင် ဘတ်စကားစီးရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အောက်ပါလိပ်စာသို့ ကျေးဇူးပြု ပို့ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

မောင်ကျော်ထူးအောင်
(သံသရာအေးကျောင်း)
ဖုန်း-၅၃၇၇၈၉(တစ်ဆင့်ခေါ်)။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၇၃၁၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍၁၅ရက်အတွင်း ကညန တိုင်းရုံး၊ (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၂၈၃၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးကြည်ဦး (ခွဲစိတ်အထူးကုဆရာဝန်ကြီး) - ဒေါက်တာဒေါ်ခင်မာရှိန် (ဓာတ်မှန်အထူးကုဆရာဝန်ကြီး)၏ ဖခင် ဦးလှကြည် ကွယ်လွန်၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဒေါက်တာဘဆွေ-မချောစု
တော်ဝင်အထွေထွေရောဂါကုဆေးခန်း။

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်အောင် (M/D, Royal Marine Engineering & Trading Co.,Ltd.)-ဒေါ်စည်စည်ထွေးတို့၏ဖခင်ဖြစ်သူ သုခမ္မမဏိဇောတရေ ဦးထွန်းဝ (သန်းသန်းဆေးလိပ်-တောင်ကြီး) အသက် (၉၁)နှစ်သည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ။
Royal Marine Engineering & Trading Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
သုခမ္မမဏိဇောတရေ ဦးထွန်းဝ (တောင်ကြီးမြို့)
အသက် (၉၁)နှစ်

၁၃-၇-၂၀၀၄ ရက်နေ့တွင် သုခမ္မမဏိဇောတရေ ဦးထွန်းဝ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်နွဲ့ရီ
သား ဒေါက်တာတင့်စိုးလင်း
သမီး ဒေါ်ပွင့်မာခိုင်နှင့်ညီအစ်ကိုမောင်နှမမိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း
သုခမ္မမဏိဇောတရေ ဦးထွန်းဝ (တောင်ကြီးမြို့)
အသက် (၉၁)နှစ်

၁၃-၇-၂၀၀၄ ရက်နေ့တွင် သုခမ္မမဏိဇောတရေ ဘဘ ဦးထွန်းဝ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ရွှေပုစွန်ကုမ္ပဏီလီမိတက်နှင့်
ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက်။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါအဆိုပါ တိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ်
	ဒေါ်သန်းညွန့် ၁၂/ကမတ(နိုင်) ၀၁၁၆၄၄	ဒေါ်စာရာ ၁၂/ကမတ(နိုင်) ၀၀၆၇၉၅	တိုက်-၅ အခန်း-၁၀ ပန်းလှိုင်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုကိုနိုင် CDC 30720 ၏ 4 Ticket လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၅၄၅၁၀၃ သို့ အကြောင်းကြားပေးပါရန်။ **ကိုကိုနိုင်**
ဖုန်း-၅၄၅၁၀၃။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့ အင်းဝိုင်းစမ်းကြီးရပ်နေ ဦးအန်ကျင်း-ဒေါ်ဝင်းမြင့် တို့၏သား မောင်မောင်နိုင် ၁၀/မလမ (နိုင်) ၁၃၄၉၆၈သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

ဦးအန်ကျင်း-ဒေါ်ဝင်းမြင့်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရမည်းသင်းမြို့ ပျဉ်တပ်ရပ်နေ ဦးမြင့်စိုး-ဒေါ်ဝင်းမူ တို့၏သား ဇော်ဝင်းနိုင် ၉/ရမသ(နိုင်)၀၈၅၈၂၅ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုများကို အကြိမ်ကြိမ်လိုက်နာမှုမရှိဘဲ ၎င်း၏သဘောဖြင့် ၎င်းပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမြင့်စိုး-ဒေါ်ဝင်းမူ
ရမည်းသင်းမြို့။

ဒေါ်အေးမြင့်ကြည်
(နတ်မောက်မြို့)
စစ်သူနာပြုသင်တန်း
အပတ်စဉ် (၉)
အသက် (၅၃)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၅ရပ်ကွက် ၂လမ်း၊ အမှတ်၃၃ ကနေ (ဦးဒွေး-ဒေါ်ခင်ညွန့်)တို့၏ သမီး ဗိုလ်ကြီးလှကြည်(ငြိမ်း)၏ဇနီး၊ ဦးဌေးကြွယ်-ဒေါ်လှသန်း၊ ဗိုလ်မှူးစောဘုန်းနိုင် (ငြိမ်း) -ဒေါ်ခင်ညိုညို၊ ဒေါ်ခင်နှင်းဝေ (စာရင်းစစ်ချုပ်ရုံး)တို့၏ အစ်မကြီး၊ မောင်ကြည်မင်းထက်၊ မောင်ကြည်ငြိမ်းထက် (မြို့တော်အသံလွှင့်ဌာန)တို့၏ မွေးသမိခင်သည် ၁၂-၇-၂၀၀၄ ရက် မွန်းလွဲ ၂း၂၀ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅း၀၀နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမကြီး
ဒေါ်အမာ
(ဂုဏ်ပိုးထည်တိုက်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ်၁/၃(က)၊ ရွှေတောင်ကြားရိပ်သာ၊ ဗဟန်းမြို့နယ်နေ (ဦးလှကြည်-ဒေါ်နှင်းညွန့်)တို့၏သမီး၊ ဦးဘုန်းမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၏ဇနီး၊ (ဦးညွန့်မောင်-ဒေါ်ကြည်ကြည်)၊ ဦးကျော်ညွန့်-ဒေါ်တင်ညွန့်၊ (ဦးအေးကျော်)-ဒေါ်သန်းကြည်တို့၏ညီမ၊ ဦးညွန့်အောင်-(ဒေါ်မြင့်မြင့်)၊ဒေါ်တင်ကြည်၊ဦးမောင်မောင်-(ဒေါ်ဖူဂျီတိုကြည်)တို့၏အစ်မ၊ဒေါက်တာမင်းဘုန်းမြင့်-မဥမ္မာဝင်း၊ မရတနာဘုန်းမြင့်၊ ကိုဘုန်းမင်းထွဋ် (ခန့်ထူးဖိနပ်လုပ်ငန်း)-မတင်ရီရီဦး(ပိုးပိုး)တို့၏မိခင်၊ မတင်ဇာမင်းမင်း(ဖူးဖူး)၊ မဆင်းစံဝတီ (ပူးပူး)တို့၏အဘွားသည် ၁၂-၇-၂၀၀၄ ရက် နံနက် ၁း၄၅ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီ တွင် ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု။**

ဦးမာလန်း (ခန္တီး)
တကက(ငြိမ်း)
ဂျိမ်းဖော့မြေမော်တော်ယာဉ်အသင်းဥက္ကဋ္ဌ
(ကချင်ပြည်နယ်)
အသက် (၅၇)နှစ်

ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက်နေ (ဦးချစ်မောင်-ဒေါ်ကြောင်ရှန်)တို့၏ သားငယ်၊ ဒေါ်ချစ်သန်း၏ ခင်ပွန်း၊ မယုစန္ဒာ၊ မောင်ကျော်ကျော်ထွန်း၊ မောင်ထွန်းထွန်းဦး၊ မမြင့်မြင့်ကြူ၊မောင်အောင်မျိုးထွေး၊ မချစ်နန္ဒာလင်း၊ မချစ်ဇင်ကိုတို့၏ ဖခင်သည် ၈-၇-၂၀၀၄ ရက် နံနက် ၅း၁၅ နာရီတွင် မြစ်ကြီးနားမြို့ အေးသုခဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ရက် ညနေ ၃နာရီတွင် မြစ်ကြီးနားမြို့သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ကိုမျိုးသန့်
တပ်မတော်ချည်မျှင်နှင့်
အထည်စက်ရုံ(သမိုင်း)
အသက် (၄၈)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၈ရပ်ကွက် ဗိုလ်လရောင် လမ်း အမှတ် ၅၄၇ နေ ဦးငွေတင်-(ဒေါ်အမာ) တို့၏ သား၊ မြေတိုင်း ဦးစီးဌာနမှ ဒေါ်မာလာရီ၏ မောင်၊ ဦးမင်းလွင်စိန် ကုန်သွယ်ရေး (ငြိမ်း)-ဒေါ်ခင်မျိုးမြင့် မွေး/ရေ ဘဏ် (ဘုရင့်နောင်)၏ အစ်ကို၊ မောင်ခိုင်စည်၏ ဘကြီးသည် ၁၂-၇-၂၀၀၄ရက် နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီ တွင် ထားဝယ်ချောင် သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သုဓမ္မမဏိဇောတရေ ဦးထွန်းဝ
တောင်ကြီး-တောစခန်းသာ မဟာစည်ရိပ်သာနာယကကြီး
(သန်းသန်းဆေးလိပ်၊ တောင်ကြီး)
အသက်(၉၁)နှစ်

တောင်ကြီးမြို့၊ အမှတ် ၂၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးဘိုးကျော်-ဒေါ်ဖွားမေ)တို့၏သား၊ (ဒေါ်အေးပု)၏ခင်ပွန်း၊ ဦးသန်းညွန့်-ဒေါ်မြကြည် (တောင်ကြီး)၊ ဦးလှမျိုး-ဒေါ်သန်းသန်းမြင့်(ရှမ်းရိုးမပုံနှိပ်တိုက်)၊ ပါမောက္ခ Dr.ဦးစိုးညွန့်-Dr.ဒေါ်အေးအေးသန့်၊ ဦးအောင်မင်း-ဒေါ်မြင့်မြင့်ကြည်(ခေတ္တ-Bangkok)၊ ဦးဖေဝင်း-ဒေါ်လှလှထွေး(သန်းသန်းဆေးလိပ်၊ တောင်ကြီး)၊ Dr.ဦးသိန်းထွန်း(U.S.A)၊ ဦးငွေဝင်း(ရူဝံမိုတယ်၊ တောင်ကြီး)၊ ဦးမြင့်အောင်-ဒေါ်စည်စည်ထွေး(Royal Marine Engineering Co., Ltd.)တို့၏ဖခင်၊ ပါမောက္ခ Dr.ဒေါ်ခင်စန်းရီ (စီးပွားရေးတက္ကသိုလ်)၊ ဦးကျော်စိုး-ဒေါ်အေးအေးသန်း(ခေတ္တ-U.S.A)၊ ဦးဇော်ဝင်းညွန့်-ဒေါ်ခိုင်ညွန့်ဝေ(ခိုင်သဇင်ပုံနှိပ်တိုက်)၊ Dr.ဒေါ်ဝင်းမာ၊ ဒေါ်ဥမ္မာညွန့်၊ ဦးဝင်းနိုင်-ဒေါ်ချိုချို၊ ဦးကျော်ကျော်-ဒေါ်ပိုက်ပိုက်အေး၊ ကိုထွန်းကျော်စိုး-မမြင့်မြင့်စိုး၊ ကိုမိုးထွန်းကျော်-Dr.လဲ့လဲ့မျိုး၊ Dr.နေခြည်သွယ်မင်း၊ Dr.နွယ်နွယ်စိုး၊ မအိစံပယ်မင်း၊ မသက်သက်စိုး၊ မထက်ထက်မျိုးဝင်း၊ ကိုထွန်းဇေယျာဝင်း(ခေတ္တ-U.S.A)၊ မမြတ်မွန်ထွေး၊ မောင်ကောင်းသက်ထွန်း၊ မအိအိမြင့်အောင်တို့၏အဘိုး၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၀၀း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၅၊ ရှမ်းရိပ်သာလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ
ဒေါက်တာရည်ရည်ခိုင်(ခ)မချို
(ပေါက်ခေါင်း၊ ပေါင်းတလည်)
အသက်(၄၄)နှစ်

ပေါက်ခေါင်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ငုရွှေဝါလမ်းနေ ဦးသိန်းခိုင်-ဒေါ်မြင့်ကြည်တို့၏သမီးကြီး၊ ဒေါ်ခင်အေးဆွေ(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ကုန်တိုက်)၊ ဦးသန်းနိုင်တာ(မန္တလေးတိုင်း လျှပ်စစ်အင်ဂျင်နီယာ)-ဒေါက်တာဒေါ်သိန်းနွဲ့တို့၏တူမ၊ ဒေါက်တာခင်မောင်ဇော်-မသီတာခိုင်၊ မစန္ဒာခိုင်၊ ကိုနေမင်းဇော်-မသက်သက်ခိုင်တို့၏အစ်မ၊ မွှေ့မွှေ့၊ ကြွေ့ကြွေ့၊ ပွေ့ပွေ့တို့၏ကြီးကြီးသည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) ည ၁၀း၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပေါက်ခေါင်းမြို့ သရက်တောသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးအောင်ခန့် (ငြိမ်း)
အပတ်စဉ်(၄၂)
ဒုညွှန်မှူး(ငြိမ်း)၊စက္ကူ-ဓာတု၊စက်မှု(၁)
အသက်(၆၅)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ ၁၁ လမ်း၊ အမှတ် ၁၇၈/၁ နေ ဒေါ်ကြူကြူမြင့်၏ခင်ပွန်း၊ ဦးမှတ်ကြီး-ဒေါ်ချိုချိုအောင်၊ ဦးကိုကိုအောင်-ဒေါ်သန်းသန်းထွေး၊ ဦးညီညီအောင်၊ မဆုမြတ်စန္ဒာ(ဆေး-၁)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၄-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ထွေးရီ
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အောင်မြေလမ်း၊ အမှတ် ၅၆ နေ (ဦးသီလှ- ဒေါ်မြစ်)တို့၏သမီး၊ ပျော်ဘွယ် သုဓမ္မာကျောင်းဆရာတော် ဦးဥက္ကဋ္ဌသာရ၊ ဦးဆန္ဒာဓိက (ရမည်းသင်း)တို့၏ ရဟန်းဒါယိကာမကြီး၊ (ဦးကျော်)-ဒေါ်ခင်ကြည်တို့၏ ညီမ၊ ဦးမြင့်ဦး-ဒေါ်ခင်နှင်းဌေး၊ ဦးတင်ကိုကို-ဒေါ်သန္တာဦး၊ကိုညီညီလှိုင်-မနွယ်နီအောင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ဦးမြတ်ခိုင်၏ဇနီးသည် ၁၄-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၀၄ရက် (သောကြာနေ့)တွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးထင်ပေါ် (သင်္ဃန်းကျွန်း)
စာတိုက်မှူး(ငြိမ်း)
အသက်(၆၁)နှစ်

မကွေးမြို့၊ ဖိုလေးလုံးကျေးရွာနေ (ဦးရှိန်-ဒေါ်ရွှေမြိုင်)တို့၏သား၊ မကွေးမြို့နေ (ဦးရွှင်-ဒေါ်လုံး)တို့၏ သားသမက်၊ ရွှေပြည်သာမြို့နေ ဦးဝင်းထွန်း-ဒေါ်တင်တင်သိန်း၊ မကွေးမြို့၊ ဖိုလေးလုံးကျေးရွာနေ ဦးအောင်မြိုင်-ဒေါ်အေးလှိုင်တို့၏အစ်ကို၊ အမှတ် ၈၉၊ ရွှေပြည်သာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ကိုတိုးရွှေမြင့်-မဝင်းဝင်းကြူ၊ ကိုအောင်ကျော်ဇော-မအေးသန္တာလင်း၊ ကိုကျော်ထင်မိုး(ခ)ကိုမိုး-မစန္ဒာကျော်၊ ကိုမြဦး-မနီဝါဝင်း၊ မအိဖြိုးခိုင်၊ မအိပိုပိုထွေးတို့၏ဖခင်၊မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်ကျင်မြိုင်၏ခင်ပွန်းသည် ၁၄-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ကြည် (ရွှေလောင်း)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၁၊ ၅ လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးမြ-ဒေါ်သိန်းမြ)တို့၏သမီး၊ဝဏ္ဏကျော်ထင်ဦးလွန်းဖေ (B.A,B.L၊ ဥပဒေအကြံပေးအရာရှိ၊ ရှေ့နေချုပ်ရုံး၊ ငြိမ်း)၏ဇနီး၊ (ဒေါ်အေးမြင့်)၊ (ဦးတင်မောင်-ဒေါ်သန်း)၊ ဦးတင်လှ-ဒေါ်စန်းတို့၏ညီမ၊ ဒေါ်ရီ၊ ဦးမြင့်ဦး-ဒေါ်ခင်မျိုးမြင့်၊ ဦးအောင်မင်း-ဒေါ်ခင်ခင်ရီ၊ ဒေါ်ကြည်ဌေး(ခ)မာမာတူး (ရေနံ/ဓာတု၊ ဘဏ္ဍာရေး)တို့၏မိခင်၊ ကိုဆွေသင်းဦး၊ ကိုဝင်းထိန်ဦး၊ ကိုသန့်စင်မင်းတို့၏အဘွားသည် ၁၃-၇-၂၀၀၄ရက် ည ၉း၄၅နာရီတွင် ဗဟိုရဲစည်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမြငြိမ်း
အသက်(၇၂)နှစ်

ကျုံမင့်ကျေးရွာနေ (ဦးမောင်ညွန့်-ဒေါ်သန်းရှိန်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊အမှတ် ၇ နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးစော-(ဒေါ်မြမြသန်း)၊ ဦးဘဌေး-ဒေါ်လှလှသန်း၊(ဦးဌေးဝင်း)-ဒေါ်မြင့်မြင့်နွယ်၊ ဦးမျိုးညွန့်-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၁၄-၇-၂၀၀၄ရက် ညနေ ၅း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမောင်နု (မင်းပြားမြို့)
အသက်(၅၇)နှစ်

မင်းပြားမြို့နေ (ဦးလှထွန်းဖြူ)-ဒေါ်ကြာလှဦး၊ မင်းပြားမြို့နယ်၊ တရဂူကျေးရွာနေ (ဦးမောင်မောင်ကျော်-ဒေါ်မကျော့)တို့၏သားသမက်၊ ဒေါ်သန်းစိန်၏ခင်ပွန်း၊ (ဦးသံခဲအောင်-ဒေါ်ဦးစိန်သာ)၊ (ဦးစိန်ကျော်အောင်)-ဒေါ်ကြာခိုင်ဖြူ၊ ဦးစိန်လှကျော်-ဒေါ်နန်းစိန်၊ ဦးကျော်ခိုင်-ဒေါ်ခင်ခင်၊(ဦးရွှေလှ-ဒေါ်ခိုင်မဖြူ)၊ (ဦးမောင်စံသာ)-ဒေါ်လုံမ၊ ဦးမောင်ဖြူတို့၏ညီ/မောင်၊ ဦးမောင်သိန်းနု-ဒေါ်ကြင်ဥ၊ ဦးလှသိန်းမေ၊ (ဦးစောသိန်း)-ဒေါ်နုစိန်၊ ဦးကျော်လှ-ဒေါ်ကြင်ဥတို့၏အစ်ကို၊ (ကိုသန်းနိုင်)၊ ကိုမောင်မောင်နိုင်၊ ကိုထွန်းထွန်းနိုင်-မအေးအေးမော်၊ ကိုဇေယျာလင်း-မသန်းသန်းခိုင်တို့၏ဖခင်၊ မောင်သူရဇော်၏အဘိုးရင်သည် ၁၃-၇-၂၀၀၄ရက်(အင်္ဂါနေ့) ည ၉ နာရီတွင် အမှတ် ၈၁၊ ရန်ကြီးအောင်လမ်း၊ ၁၀မိုင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်အုန်းရွှေ (တောင်ငူမြို့)
အသက်(၉၂)နှစ်

တောင်ငူမြို့၊ နဂါးရုံဘုရားလမ်း၊ အမှတ် ၇/၁၄၄ နေ (ဦးစိန်)၏ဇနီး၊ ဒေါက်တာကျော်ညွန့်စိန်-ဒေါ်သန်းသန်းအေး၊ ဦးဝေလွင်-ဒေါ်ခင်မာအေးတို့၏မိခင် ဒေါ်အုန်းရွှေ အသက်(၉၂)နှစ်သည် ၂၇-၆-၂၀၀၄ရက်က ကွယ်လွန်သွားခဲ့ရာ မကွယ်လွန်မီက ပြုစုစောင့်ရှောက်ပေးခဲ့ကြသော သမားတော်ကြီးများနှင့် သူနာပြုဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင်ကူညီအားပေးကြသူများအားလည်းကောင်း၊ရပ်ဝေးရပ်နီးမှလူကိုယ်တိုင်၊ ဖုန်းဖြင့်ဆက်သွယ်ပြီး ဝမ်းနည်းကြေကွဲမှုကို မျှဝေခံစား နှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကုန္ဒောဘာသ (ဒေါ်အေးမြင့်)
(ကြခတ်ဝရွာ၊ ကွမ်းခြံကုန်းမြို့နယ်)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ကြခတ်ဝရွာနေ ဦးအောင်ခင်-ဒေါ်စိန်မိတို့၏သမီး၊ ဦးဆန်းထွန်း(ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)-ဒေါ်ရင်ရင်စိုးတို့၏မိခင်သည် ၁၄-၇-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ဆေးရုံမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်းဒါယိကာမကြီး
ဒေါ်ကြင်သောင်း (ညောင်လေးပင်)
သနပ်ခါးပင်ကျောင်း (တောရကြီး၊ညောင်လေးပင်)
အသက်(၇၃)နှစ်

ညောင်လေးပင်မြို့၊ အာဇာနည်လမ်းနေ (ဒေါ်ကြင်မြိုင်)၏တူမ၊ (ဦးကြာညွန့်-ဒေါ်ဒေါ်သိန်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၇၅ (A/B)၊ အခန်း ၁၊ ၄၊ ၁၀ နေ ဒေါ်ခင်စွမ်းညွန့် (S.A.T၊ ငြိမ်း၊ အထက-၁၊ အလုံ)၊ ဦးခင်မောင်လွင်-ဒေါ်ကြင်လွမ်၊ ဗိုလ်မှူးကြီးထိန်ဝင်း (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်အေးမာလာ၊ ဦးသိန်းဝင်း(ကထိက၊ ငြိမ်း၊ ပညာရေးတက္ကသိုလ်)-ဒေါ်ခင်ဦးသန်း၊ ဦးအေးဝင်း(ကန်ထရိုက်တာ၊ ဘဏ္ဍာရေးမှူး၊ညောင်လေးပင်မြို့နယ်အသင်း)-ဒေါ်နုကြည်(အထပြ၊မင်္ဂလာတောင်ညွန့်-၁)တို့၏အစ်မကြီးသည် ၁၄-၇-၂၀၀၄ရက် နံနက် ၃း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇- ၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဌေး
(တောင်စွန်း၊ ကော့ကဒွတ်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊အမှတ်၆၅၊ဆင်မင်းလမ်း၊ အလုံမြို့နယ်နေ(ဦးရာပြတ်-ဒေါ်သင်ငွေ)တို့၏သမီးကြီး၊(ဦးကြည်အောင်)၏ဇနီး၊ ဦးခင်ညွန့်-ဒေါ်မြင့်စိန်၊ဦးသောင်းထွန်း-(ဒေါ်ခင်မေကြီး)၊ဦးလှမြင့်-ဒေါ်ရီရီစန်းတို့၏အစ်မကြီး၊ဦးဝင်းမြင့်၊ဦးတင်ဝင်း-ဒေါ်အေးအေး(မန်နေဂျာ ဟိုတယ်/ခရီး)၊ ဦးဖုန်ကျော်-ဒေါ်ဇင်ဇင်အေး၊ဦးခတ္တာ၊ ဦးမေတ္တာ-ဒေါ်နီနီလှ(သစ်လုပ်ငန်း)၊ ဦးနေလင်း-ဒေါ်သန်းသန်းနွယ်၊ဦးကျော်ကျော်အောင်-ဒေါ်နှင်းယုဝါ၊မလှမြဝါ၊ ကိုဉာဏ်သိုက်-မဝင်းဝင်းရီ၊မထွေးနုဝါ၊ မောင်ထူးသိုက်တို့၏မွေးသမိခင်၊ မြေး ၁၈ယောက်၊မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၄-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက်၅း၃၀နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၀၄ ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်ထွေး (ပခုက္ကူ)
ညွှန်ကြားရေးမှူး
ချင်းပြည်နယ်သစ်တောဦးစီးဌာန
အသက်(၅၅)နှစ်

ပခုက္ကူမြို့နေ (ဦးစံလုံ-ဒေါ်စိန်ပွင့်)တို့၏သားထွေး၊ (ဦးအုန်းညွန့်)-ဒေါ်ခင်သန်းတို့၏သားသမက်၊ ဦးငြိမ်းမောင်-ဒေါ်နွဲ့နွဲ့၊ ဦးအောင်ကြင်-ဒေါ်စိန်ရီ၊ ဦးအောင်စန်း(စက်ရုံမှူး၊ စလေ ဓာတ်မြေသြဇာစက်ရုံ)-ဒေါ်ခင်ခင်အေး (အထက်တန်းပြ၊ ငြိမ်း)တို့၏ညီ/မောင်၊ ဦးမျိုးမင်း- (ဒေါ်သင်းသင်းညွန့်၊ ဌာနခွဲမှူး၊ ရန်ကုန်စည်ပင်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၁၁(ငါးလွှာ)၊ ဥယျာဉ်လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်နေ ဒေါ်နွယ်နွယ်ညွန့်၏ခင်ပွန်း၊ မောင်နောင်လွင်(E.Cadet Uniteam)၊မောင်ငြိမ်းသူ(Final Year Chemistry)၊ မခိုင်သဥ္ဇာ(Second Year Chemistry) တို့၏ဖခင်၊ မသဲနုစိုး(IX လသာ-၂)၊ မောင်အောင်ဟိန်းကျော်(VII ဒဂုံ-၁) တို့၏ဘကြီးသည် ၁၄-၇-၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်းဒါယိကာမကြီး
ဒေါ်ကြင်သောင်း (ညောင်လေးပင်)
သနပ်ခါးပင်ကျောင်း
(တောရကြီး၊ညောင်လေးပင်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၇၅(A/B)၊ အခန်း ၁၊ ၄၊ ၁၀ နေ ဒေါက်တာသာထက် (ဓမ္မိတိုက်နယ်ဆေးရုံ၊ ဟသ်ာတ)-မညွန့်ညွန့်ဝင်း၊ ကိုဝင်းထူးညွန့်(ရာစု)၊ မအိသဇင်ဝင်း(ခ)ရွှေအိ၊ ကိုဝင်းသော်ဝင်း၊ မမေရတနာဝင်း(ခ)မေသီရိ(3rd Year, Eco)၊မစန္ဒရာ(3rd M.B၊ဆေး-၁)၊ မောင်သိန်းဦး(နဝမတန်း-G၊ T.T.C)၊ မမိုးမိုးဆန်း၊ မကြည်ကြည်ဝင်းတို့၏ကြီးကြီးမေကြီးသည် ၁၄-၇-၂၀၀၄ရက် နံနက် ၃း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတူတူမများ။

ဒေါ်ကျင်မေ (ဆကာကြီး)
အသက်(၇၁)နှစ်

(ဦးဘသိန်း-ဒေါ်ပုကြီး)တို့၏သမီး၊ ဒေါ်မြလွင်၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ယုဇနဥယျာဉ်မြို့တော်၊ တိုက် ၂၂၊ အခန်း ၁၀၁၊ ၂ လမ်း B.Block နေ ဦးလှမြိုင်(သ/မ ဦးစီးဌာန၊ ပဲခူး၊ငြိမ်း)၏ဇနီး၊ ဦးရဲနောင်-ဒေါ်သက်နှင်း(ပဲခူး)၊ ဦးစစ်နောင်-ဒေါ်အေးအေးခိုင်(ဥညြ)၊ ဦးရဲအောင်-ဒေါ်သီသီအေး၊ ဦးတင့်လွင်-ဒေါ်အေးအေးသီ(ပဲခူး)၊ဦးနိုင်နိုင်ဦး-ဒေါ်သန်းသန်းအိ၊ ကိုကျော်သူအောင်တို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၁၃-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက် ညနေ ၅ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြဝင်းကြည် (မင်းလှ)
စား/ဖျော်(ငြိမ်း)
အသက်(၆၆)နှစ်

ပဲခူးတိုင်း၊ မင်းလှမြို့ (ဦးဘိုးသာ-ဒေါ်လှကြွယ်)တို့၏သမီး၊ ဦးအုန်းမြင့်-ဒေါ်တီတီတို့၏ညီမ၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မလွှကုန်း၊ငွေကြွယ်(က) ရပ်ကွက်၊ သူဌေးလမ်း၊ အမှတ် ၇ နေ ဒေါ်တင်တင်အေး (မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ငြိမ်း)၊ ဒေါ်လှလှတင်တို့၏အစ်မ၊ တူ တူမ ငါးယောက်တို့၏အဒေါ်သည် ၁၃-၇-၂၀၀၄ရက် ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီး
ဦးစိန်ရို (ကျုံပျော်)
အသက်(၁၀၁)နှစ်

(ဦးကြောင်ပိန်-ဒေါ်အုံးခိုင်)တို့၏သား၊ ရန်ကုန်မြို့၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၃၂/အေ နေ ဒေါ်သိန်းကြည်၏ခင်ပွန်း၊ ဒေါ်ညွန့်စိန်၊ ဦးအောင်ကျော်(ညွှန်မှူး၊ငြိမ်း၊ရေးဟောင်း သုတေသနဦးစီးဌာန)-ဒေါ်နှင်းညွန့်၊ ဦးကျော်စိန်-ဒေါ်မြင့်မြင့်စိန် (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ကပရ)တို့၏ဖခင်၊ မတင်မေဦး (ရှေးဟောင်း သုတေသနဦးစီးဌာန)၊ မောင်ကျော်ဇင်ဝင်း - မမြင့်မြင့်အောင်၊ မခင်ချိုနွယ်၊ မောင်ထွန်းကျော်ဝင်း၊ မမျိုးမျိုးကျော်(M.A-I၊ မနုဿဗေဒ)တို့၏ အဘိုးသည် ၁၄-၇-၂၀၀၄ရက် နံနက် ၆ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
တံတား၊လမ်းဒါယိကာမကြီး
ဒေါ်စောရီ (ပဲခူး-ကွမ်ပေါင်)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၃၃ နေ (အငြိမ်းစား၊ သစ်တောအရေးပိုင် ဦးချစ်တင်)၏ဇနီး၊ (ဦးတင်မောင်ကြည်)၊ ဦးတင်မောင်ရီ - (ဒေါ်ကြည်ကြည်စိန်)၊ (ဦးတင်မောင်စီ)၊ (ဦးဘမြင့်)-ဒေါ်တင်ဝင်းရည်၊ ဦးတင်မောင်လတ်-ဒေါ်မြမိုးနှင်း၊ ဒေါ်ခင်သန်းတင့်၊ ဦးကျော်ငြိမ်း-ဒေါ်ခင်မေကြည်၊ ဦးတင်မောင်ငွေ-ဒေါ်ကြူကြူ၊ ဒေါ်ခင်စန်းကြည်၊ ဒေါ်ခင်ထားကြည်၊ Dr.နွဲ့အောင်ဖုံ-ဒေါ်ခင်မိုးအေး၊ Dr.တင်မောင်အေး-ဒေါ်မူမူအေးတို့၏မိခင်၊ ဗိုလ်မှူးတင်မောင်ဆွေ-Dr.သက်သက်တင်၊ ကိုဉာဏ်လင်း-မဝင်းပပလင်း၊ မသူဇာ၊ ဦးမောင်မောင်ဆွေတင် - Dr.မြသီတာဆွေတင် (SI ကုမ္ပဏီ)၊ကိုမျိုးဝင်းအောင်-မဇင်ဝေအေး၊ ကိုမျိုးသူလတ်၊ ကိုအောင်သူလတ်-မသီတာနှင်း၊ ကိုစည်သူလတ်၊ ကိုကျော်ကျော်လင်း-မချိုချိုသက်ထွေး၊ မသက်သက်၊ မပပ၊ ကိုကောင်းမြတ်ထွေး-မမိုးမိုး၊ မအိအိငြိမ်း၊ ကိုဗညားအောင်-မကြည်ဇာငြိမ်း၊ ကိုဇေယျာငြိမ်း၊ ကိုပြည့်ဖြိုးငြိမ်း၊ ကိုတင်မောင်ကြူ-မတင်တင်၊ ဦးစိုးမိုးသွင်-မတင်မေကြူ၊ ကိုတင်အောင်ကြူ၊ ကိုခင်မောင်ကြူ-စန္ဒီမင်း၊ ကိုခင်အောင်ကြူ၊ ကိုခွန်ကောင်းမြင့်-မသင်းသင်းကြည်၊ မကေခိုင်စိုး၊ မမြတ်ထွေးအိ၊ မသဲသဲ၊ ကိုဇာနည်အောင်ဖုံ၊ မစီမွန်၊ ဘိုဘို၊ Steven နှင့် Eddy တို့၏အဘွား၊ မြစ် ၂၄ ယောက်တို့၏အဘွားသည် ၁၄-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် ဗဟိုရဲစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၀၄ရက် (သောကြာနေ့)ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၃၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအုန်းကျော်
(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)
(ကနောင်-ပြည်)
(ကနောင်အထက၊ ဂိုးသမားဟောင်း)
အသက်(၆၈)နှစ်

ကနောင်မြို့၊ ဈေးရပ်နေ ကုန်သည် (ဦးမောင်သိန်း - ဒေါ်အေးတင်)တို့၏ သား၊ (ဒေါ်စန်းသွင်)၏မောင်၊ ဦးလှမျိုးအောင်(ဦးစီးအရာရှိ၊ ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေး) ဒေါ်စိန်သန်း(အထက-၅၊ ဗိုလ်တထောင်)၊ (ဦးစိုးမြင့်)(B.E, M.E၊ ငြိမ်း)တို့၏အစ်ကိုကြီး၊ မောင်စည်သူဖြိုး-နန်းစုစုလှိုင်၊ နန်းစုစုခိုင်၊ မျိုးသိုက်ထွန်း၊ မျိုးမင်းသိန်းတို့၏ဘဘကြီး၊ နန်းဝင်းပပမဥ္ဇူ၏ ဘိုးဘိုးကြီး၊ ပြည်မြို့၊ နဝဒေးလမ်းမကြီးနေ ဦးအုန်းကျော်သည် ၁၀-၇-၂၀၀၄ရက် (စနေနေ့) ည ၁၁း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၀၄ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကောဝိဒ
(ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း)
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

လက်ပံတန်းမြို့၊ ခမည်းတော်ဦးဘိုးလွင်-မယ်တော်ဒေါ်ငွေစိန်တို့၏သား၊ လက်ပံတန်းမြို့၊ မဟာဗောဓိစံကျောင်းတိုက် ဇုတိန္ဒရအနုနာယကဆရာတော် ဘဒ္ဒန္တကောဝိဒ မဟာထေရ်သည် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက် (၁၃-၇-၂၀၀၄ရက်) မွန်းလွဲ ၁း၂၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ဒုတိယဝါဆိုလဆန်း ၃ ရက် (၁၉-၇-၂၀၀၄ရက်) တနင်္လာနေ့ မွန်းလွဲ ၂ နာရီတွင် လက်ပံတန်းမြို့ အနောက်သုသာန်၌ အန္တိမဈာပနပူဇာသဘင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားပါသည်။
ဈာပနကော်မတီနှင့်တပည့်သံဃာတော်၊ဒါယကာ၊ဒါယိကာမများ။

ဦးကျော်(ခ)ရေကျော်
သပြေချောင်း၊ ညောင်တုန်း
(လက်သမားဆရာကြီး)
အသက်(၈၄)နှစ်

ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ သပြေချောင်းအပိုင် တံခွန်တိုင်ကျေးရွာနေ [ဦးဖိုးခွေး-ဒေါ်မင်းစိန်(ခ)ဒေါ်ဘုတ်] တို့၏သား၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၊ မင်းညွှန်းလမ်းနှင့် အမှတ် ၁၄၊ မင်းလမ်းနေ (ဒေါ်အမာကြည်)၏ခင်ပွန်း၊ ဒေါ်တင့်-(ဦးသာဆန်း)တို့၏မောင်၊ဒေါ်ရွှေကြူ-(ဦးဘိုးနီကုန်း)၊ ဒေါ်ရွှေစိန်-(ဦးစံတင်)တို့၏အစ်ကို၊ (ဦးသန်းထွန်း)-ဒေါ်ညွန့်ညွန့်၊ ဦးမောင်မောင်အေး - ဒေါ်မြင့်မြင့်ခိုင်၊ (ဦးတင့်လွင်) - ဒေါ်လှဌေး (ရွှေမြေဆောက်လုပ်ရေး)၊ ဦးတင်မောင်ဝင်း-ဒေါ်စန်းဌေး၊ ဦးငွေထွန်း-ဒေါ်ဝင်းဝင်းအေး၊ ဦးသန်းစိန်-ဒေါ်ဘွဲ့နှန်ထုန်၊ ကိုအောင်မြင့်ခင်၊ ဦးဇော်လင်းဦး-မယဉ်ယဉ်၊ ဦးထွန်းမင်း-ဒေါ်အေးအေးထွေးတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၁၃-၇-၂၀၀၄ရက်(အင်္ဂါနေ့)ည ၈း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ခင်
လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)
လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)
အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးဘတင်-ဒေါ်အုန်းမယ်)တို့၏သား၊ သရက်မြို့နေ (ဦးဘသိန်း-ဒေါ်ခင်တင့်)တို့၏ သားသမက်၊ (ဒေါ်သန်း)၏မောင်၊ ဒေါ်အေးမြင့်၊ ဦးထွန်းရှိန်-ဒေါ်သက်တင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၃၈၇၊ မင်္ဂလာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ခင်စန်းနု၏ခင်ပွန်း၊ မကေသီခိုင် (လမဖ)၊ ဦးမင်းသူ(အမှတ်-၁၊ အထပ်သား)-ဒေါ်ခိုင်ခိုင်အောင်(လမဖ)၊ မောင်မိုးဇော်အောင်-မမြင့်မြင့်စန်း၊ မောင်ဇင်မင်းဦး-မနီလာအောင်(လမဖ)၊ မောင်ကျော်လင်းအောင် (SONY) - မခင်ချောစု(လမဖ)၊ မောင်ဇော်လင်းအောင်တို့၏ဖခင်၊ မောင်နေမင်းခန့်၊ မငြိမ်းသီရိဇော်၊ မောင်ထူးသီဟဦး၊ မမြတ်ရည်မွန်သော်တို့၏အဘိုးသည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး
ဦးကျော်ထွေး(ခ)ချန်စီသွိုင်း
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက် ၃၊ အခန်း ၁၀၁၊ လှိုင်သီရိအိမ်ရာနေ (ဦးချန်ဟုန်ရင်-ဒေါ်ဟို့စိန်ခို)တို့၏သား၊ မြိတ်မြို့နေ (ဦးဟုန်ကျင်း)-ဒေါ်ဟန်ငွတ်မွဲတို့၏သားသမက်၊ ဒေါ်ဝင်းရှု၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်နွေးတွဲ၊ (ဦးကျော်ဝါ)-ဒေါ်ခင်၊ ဦးကျော်မြင့်-ဒေါ်ထွေးတို့၏ညီ၊ ဦးကျော်သောင်း-(ဒေါ်လော်ငုတ်ကွေ့)၊ ဒေါ်ကျန်ကင်ကြည်-(ဦးဟန်ကျန်ယု)၊ ဒေါ်အေးညွှန် - ဦးစိတ်ကောင်း၊ ဒေါ်ကျန်ကင်အွဲ-(ဦးဝေါင်ဖီကျုံ)တို့၏အစ်ကို၊ မောင်အေးကျော်၊ မောင်သန်းမြင့်၊မောင်သိန်းမြင့်၊မောင်မိုးကျော်ဟိန်းတို့၏ဖခင်သည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ABCU)၌ ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးကွမ်တုံတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးလှထွန်း
အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဓ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၁၃/က နေ (ဦးဘကျော်-ဒေါ်ရစ်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်စောကျင်-ဒေါ်အုံးကြည်)တို့၏သားသမက်၊ (ဦးလှအောင်-ဒေါ်ပု)၊ (ဦးလှမောင်-ဒေါ်အေးတင်)တို့၏ ညီ/မောင်၊ ဦးမောင်ဆုံ-[ဒေါ်ခွေးမ(ခ)ဒေါ်ညွန့်ရီ] တို့၏အစ်ကို၊(ဦးစိုးသန်း)-ဒေါ်စိုးစိုးတင် (မြို့နယ်စာရင်းအင်းရုံး၊ သင်္ဃန်းကျွန်း)၊ ဦးခင်လှိုင်-ဒေါ်ကြည်ကြည်နု၊ ဦးဌေးအောင်၊ ဒေါ်ချိုချိုသက်တို့၏ဖခင်၊ မောင်ထွန်းထွန်းနောင်၊မောင်ထွန်းလင်းအောင်၊ မစုမြတ်လှိုင်၊ မောင်နေဇင်ဦး၊ မနွေဇာလှိုင်၊ မောင်ဝေယံမိုးဦးတို့၏အဘိုး၊ ဒေါ်စိန်စိန်၏ခင်ပွန်းသည် ၁၁-၇-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ထွန်းခိုင်
လ/ထ စက်ရုံမှူး(ငြိမ်း)
အုတ်ကျင်း ဂုန်နီစက်ရုံ
(စစ်တွေမြို့)
အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၁၁၄၊ အခန်း ၁ နေ (ဦးစံကျော်-ဒေါ်ကြာဖုံဖြူ)တို့၏သား၊ (ဦးလှဘော်-ဒေါ်မနု)တို့၏သားသမက်၊ ဒေါ်အုံးမေ၏ခင်ပွန်း၊ (ဦးစံဦးခိုင်)၊ (ဒေါ်စောမြမေ)တို့၏ညီ/မောင်၊(ဦးထွန်းအောင်ကျော်)၊ ဒေါ်မြမေ၊ (ဒေါ်စောပု)၊ ဦးစံအောင်တို့၏အစ်ကို၊ ဒေါ်မာမာခိုင်(အလက-၅၊ ရန်ကင်း)၊ ဒေါ်မိမိခိုင်(ဝါ/ပိုး ရုံးချုပ်)၊ ဒေါ်စုစုခိုင်(ဂုန်လျှော်ရုံးချုပ်)တို့၏ဖခင်သည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးအောင်ခန့် (ငြိမ်း)
အပတ်စဉ်(၄၂)
ဒုတိယညွှန်မှူး(ငြိမ်း)
စက္ကူ/ဓာတု၊ စက်မှု(၁)
အသက်(၆၅)နှစ်

မကွေးတိုင်း၊ ဆောမြို့နယ်၊ တေးရွာနေ (ဦးဘသွယ်-ဒေါ်ခိုင်မ)တို့၏သား၊ (ဒေါ်စိန်မေ)၏ခင်ပွန်း၊ မသီသီအောင် (နယ်စပ်/စည်ပင်၊ မန္တလေး)-(ဒေါက်တာတင်ထွဋ်ဝင်း)၊ မနီနီအောင် (City Lake View Hotel)-ကိုဘိုလေး၊ မသန္တာအောင်တို့၏ဖခင်၊ မောင်မင်းထွဋ်အောင်၊ မောင်သက်ထွဋ်စိုး၊ မမေနှင်းထက်ဘိုတို့၏အဘိုးသည် ၁၄-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်နွယ် (ပုလော)
အသက်(၆၀)

ပုလောမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးလှမောင်၏ဇနီးသည် ၁၁-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ပုလောမြို့နေအိမ်မှပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်သုံးစွဲသူများသို့ အသိပေးကြေညာချက်

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်သုံးစွဲသူများ၏ ကွန်ပျူတာများတွင် လက်ရှိ အသုံးပြုလျက်ရှိသော Proxy Server Address (203.81.65.23)ကို ဇူလိုင် ၁၅ ရက်နေ့မှ စတင်၍ (ygncache.mpt. net.mm) ဖြင့် ပြောင်းလဲ အသုံးပြုပါရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ပေးထားသော လုံးခင်း-ဖားကန့်လမ်းပေါ်ရှိ ပန်းတင်တံတားသည် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကို လွယ်ကူချောမွေ့စေလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

စည်ပင်သာယာပြည်မြန်မာ ဖွံ့ဖြိုးတိုးတက်မြန်မာ့ကျေးလက်

သတင်းဆောင်းပါး-သူရစိုးအောင်၊ ဓာတ်ပုံမှတ်တမ်း-နယ်စပ်/ စည်ပင်

ရန်ကုန် ဇူလိုင် ၁၄

စည်ပင်သာယာရေးလုပ်ငန်းဆိုသည်မှာ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအခြေအနေနှင့်ကိုက်ညီသော အစီအမံများ ချမှတ်ကာ မိမိတို့၏အင်အားဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များသည် သက်ဆိုင်ရာ မြို့နှင့် ကျေးလက်ဒေသရှိ ပြည်သူတို့၏ စားဝတ်နေရေး၊ ကူးသန်းသွားလာရေး၊ ရောင်းဝယ်ဖောက်ကားရေး စသည်တို့အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးရသောအဖွဲ့များဖြစ်သည်။ မြို့ရွာများ သန့်ရှင်းရေး၊သာယာလှပစေရေး၊ မြို့နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကွာဟချက် အနည်းဆုံးဖြစ်စေရေး၊ ခရီးလမ်းဆက်သွယ်မှုကောင်းမွန်စေရေး၊ ကုန်စည်ထုတ်လုပ်မှု စာမျက်နှာ ၁၁ ကော်လံ ၁ ✲

ပန်းဂေါ်ဖီနှင့်အာလူးများဖြင့် ဝေဆာနေသော ရှမ်းပြည်နယ်(တောင်ပိုင်း) စပါးအပါအဝင် သီးနှံ ၁၀မျိုး တိုးချဲ့စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေပြီ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - သောင်းဝင်းဗိုလ်

ရန်ကုန် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)သည် ဂေါ်ဖီထုပ်နှင့် ဂေါ်ဖီပန်းပွင့်တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် အများဆုံး တာဝန်ယူစိုက်ပျိုးသော ဒေသတစ်ခုဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမှထွက်သော အာလူးသည်လည်း တစ်ချိန်က ဒါကိုတာ လေယာဉ်များဖြင့်သယ်၍ ပြည်ပသို့ ပို့ဆောင်ခဲ့ဖူးသဖြင့် ဟဲဟိုးအာလူးသည် ကမ္ဘာကျော် အာလူးဖြစ်ခဲ့ဖူးကြောင်း ဒေသခံများပြောပြခဲ့၍ မှတ်သားခဲ့ရသည်။ ဂုဏ်ယူစရာလည်း ကောင်းလှ၏။

ယခုအခါ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်သော ဥတစ်လုံးကြက်သွန်ဖြူမှာလည်း လူကြိုက်များ ကျော်ကြားလှသည်။ အိမ်ရှင်မများ အကြိုက် ဥတစ်လုံးကြက်သွန်ဖြူသည် တိုင်းရင်း ဆေးဆရာများ စာမျက်နှာ ၁၃ ကော်လံ ၄ ☆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသထွက်ကုန်သီးနှံ ဂေါ်ရခါးသီး များကလည်း အားရစရာ။ (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)

ကလောမြို့နယ် ဟဲဟိုးဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်းစိုက်ခင်းများ၏ အောင်မြင်မှုသည် ဒေသခံတိုင်းရင်းသားတို့၏ စီးပွားဖြစ်ထွန်းမှုကို သက်သေပြလျက်ရှိပြီး ရှမ်းပြည်နယ်၏ ဂုဏ်ကိုဆောင်လျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကဗျာဆရာကြီးအားဂုဏ်ပြု

ချီလီနိုင်ငံ၏ ကွယ်လွန်သူ ကဗျာနိုဘယ်ဆုရ ကဗျာဆရာကြီး ပါဘလိုနီရူဒါနစ် နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲကို ဇူလိုင် ၁၂ရက်က ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ ကျင်းပခဲ့ရာပုံမှာ ကဗျာဆရာကြီးအား ဂုဏ်ပြုသောအားဖြင့် အနီရောင်နှင့် အစိမ်းရောင်ပန်းသီးများဖြင့် နှလုံးသားပုံပြုလုပ်ကာ ဂုဏ်ပြုထားသည်ကို တွေ့ရစဉ်။ (**အပေါ်ပုံ**)

(အင်တာနက်)



ဂျယ်လီငါးကြီးများ

ပင်လယ်သမုဒ္ဒရာများအတွင်း၌ ရေသတ္တဝါ မျိုးစိတ်ပေါင်းမြောက်မြားစွာရှိသည့်အနက်(**အပေါ်ပုံ**)တွင် အာလ်မာရီဒေးမျိုးနွယ်စုဝင် ဂျယ်လီငါးကြီးများ တူရကီနိုင်ငံမြောက်ဘက်ဖျားရှိ ဆီနော့ပ်မြို့အနီး ပင်လယ်နက်၏ ရေနက်ပိုင်းတွင် ကူးခတ်နေသည်ကိုတွေ့ရစဉ်။ (အင်တာနက်)



အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ အီရန်နှင့်ဥဇဘက်ကစ္စတန်အသင်းတို့ လူစာရင်းထုတ်ပြန်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၁၄

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှစ၍ တရုတ်နိုင်ငံ ပေကျင်းမြို့တော်နှင့်အခြားမြို့ကြီး လေးမြို့တွင်ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်ဘောလုံးအသင်းများ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။ စာမျက်နှာ ၁၃ ကော်လံ ၁ ❋